# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (24-4-2006) (၄၉၃၇)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ယနေ့ပြည်ပနိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲအောင် မီဒီယာကို လက်နက်သဖွယ်အသုံးပြုနေ မိမိတို့နိုင်ငံ၏ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ပြည်သူ၊အစိုးရ တစ်စိတ်တစ်ဝမ်းတည်းရှိမှုတို့ကို ပြည်သူတစ်ရပ်လုံး အမှန်အတိုင်းသိရှိစေရန် လုပ်ဆောင်နိုင်သည်မှာ မီဒီယာဟုခေါ်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်

ရန်ကုန် ဧပြီ ၂၃

မြဝတီရုပ်မြင်သံကြား ကောဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် မြဝတီရုပ်မြင်သံကြား ကောဒသမနှစ်ပတ်လည်နေ့ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊မြဝတီ၊ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

- ▶ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ နည်းပညာကို အသုံးချပြီး ကမ္ဘာ့တစ်နေရာက သတင်းအချက်အလက်ကို အခြားသော ကမ္ဘာ့နေရာအသီးသီးသို့ အချိန်နဲ့တစ်ပြေးညီ ပို့ဆောင် ပေးနိုင်ခြင်းဖြင့် သတင်းလက်ဦးမှု ရယူဆောင်ရွက်နေခြင်းကိုလည်း တွေ့မြင်ရမှာဖြစ်၊
- ▶ တစ်နည်းအားဖြင့် လူထုဆက်သွယ်ရေး ယန္တရားဟာ နည်းပညာများနှင့်အတူ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေတာ ဖြစ်တဲ့အတွက် ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းဆိုတဲ့ မီဒီယာဟာလဲ လူထုထဲကို အချိန်နဲ့တစ်ပြေးညီ ရောက်ရှိနေရာယူလာတာကို တွေ့ရမှာဖြစ်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၄-၄-၂၀၀၆
(တနင်္လာနေ့)

# နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၂၂ ရက်နေ့က ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာအနီး တည်ဆောက်မည့် ကျွန်းကုန်းတံတား တည်ဆောက်ရေးစီမံကိန်းနှင့် ဖျာပုံမြို့ရှိ ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခရီးစဉ်အတွင်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံမှာကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ် (၇)ရပ်ကိုလည်း အတိအလင်းချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး တည်ဆောက်နေ၍မရကြောင်း၊ ဒီမိုကရေစီကို စည်းကမ်းတကျ မတည်ဆောက်နိုင်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများ လွှမ်းမိုးသွားပြီး ပျက်စီးသွားနိုင်သည့်အန္တရာယ်ရှိကြောင်း** ပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စုစည်းညီညွတ်သောအားဖြင့် လက်တွဲညီညီ ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံတော်က ဒီမိုကရေစီ ထွန်းကားတည်တံ့ရေးအတွက် လိုအပ်သောအခြေခံကောင်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်ထူထောင်ပေးနေရာ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ သိသိသာသာ ဖြစ်ထွန်းလာနေသည်ကို တွေ့ရသည်။

ယင်းသို့ အခြေခံကောင်းများ ပေါ်ပေါက်လာရန်အတွက် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေးနှင့် ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေစေရေးတို့အတွက် နိုင်ငံတော်က နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဖော်ဆောင်ပေးနေသည်။

ထိုသို့ အခြေခံကောင်းများကို တစ်ချိန်က ခိုင်ခိုင်မာမာမတည်ဆောက်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင့်သုံးခဲ့သော ပါလီမန်ဒီမိုကရေစီနှင့် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်ဒီမိုကရေစီတို့သည် ရေရှည်မတည်တံ့ဘဲ ပျက်သုဉ်းခဲ့ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်က ဒီမိုကရေစီ ထွန်းကားတည်တံ့ရေးအတွက် လိုအပ်သောအခြေခံကောင်းများကို အသွင်ကူးပြောင်းရေးကာလ၌ ခိုင်ခိုင်မာမာ ထူထောင်ထားနိုင်ရန် ကြိုးပမ်းဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ဆက်လက်၍ လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်သွားနိုင်မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ထိုင်းနိုင်ငံ စွမ်းအင်ရေးရာဝန်ကြီး တွေ့ဆုံ

**လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ထိုင်းနိုင်ငံ စွမ်းအင်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Vised Choopiban လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဧပြီ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ထိုင်းနိုင်ငံ စွမ်းအင်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Vised Choopiban သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Suphot Dhirakaosal၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သစ်တောနှင့်သတ္တုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။** (နိုင်ငံခြားရေး)

**ရန်ကုန် ဧပြီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ချန်ကျန်း၏ ဖိတ်ကြားချက်အရ ဧပြီ ၁၉ရက်မှ ၂၃ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် မြန်မာ-တရုတ် သစ်တောနှင့်သတ္တု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ပြီးနောက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့်သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန်းနှင့် နှစ်နိုင်ငံ ဆက်ဆံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ဒုတိယဝန်ကြီး ဦးကျော်သူသည် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ လျို့ပင်းနှင့်လည်း တွေ့ဆုံကာ နယ်စပ်ဒေသ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးတို့မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

# ကျန်းမာရေးဦးစီးဌာနသို့ ဂျပန်နိုင်ငံကုမ္ပဏီများမှ လူနာတင်မော်တော်ယာဉ်နှစ်စီးလှူဒါန်း

**ရန်ကုန် ဧပြီ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနသို့ ဂျပန်နိုင်ငံ Hiratsuka Shonan Lions Clubs, Co-operation of Oisca International and Myanmar PLG Travels & Trading Co. Ltd. တို့ ပူးပေါင်း၍ လူနာတင်မော်တော်ယာဉ်နှစ်စီး လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံ Lions Clubs မှ ဥက္ကဋ္ဌ Mr. Fukawa Masaru နှင့် Oisca မှ ဒါရိုက်တာ Mr. Nagaishi Yasuaki တို့က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဂျပန်နိုင်ငံ Lions Clubs အဖွဲ့ခေါင်းဆောင် Mr. Yasunaga Motoyuki ကလည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့ Oisca မှ ဒါရိုက်တာ Mr. Nagaishi Yasuaki ကလည်းကောင်း၊ Myanmar PLG Travels & Tours မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်မောင်ကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

# ပြန်လည်ဆန်းသစ်လာသည့် တကောင်းမြို့ဟောင်း

## အရှင်အာဒိစ္စဝံသ

မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၄ရက် (၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်-

**ပျူအရိုးအိုးနှင့် ရေတကောင်းများ တကောင်းဒေသ၌ အစုလိုက်အပြုံလိုက်တွေ့ရှိ။ ဟန်လင်း ဗိဿနိုး သရေခေတ္တရာမြို့ဟောင်းများ၌ တွေ့ခဲ့ရသော ပစ္စည်းများဖြစ်။ တကောင်းဒေသကို ရှေးဦး ပျူတို့ နေထိုင်ရာဒေသအဖြစ် သက်သေပြနိုင်ပြီ** ဟူသောသတင်းကို ဖတ်လိုက်ရသည်။ ထိုသတင်းဖတ်ပြီး မကြာမီ ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက် (၂၀၀၄ခုနှစ် စက်တင်ဘာလ ၂ရက်)နေ့ထုတ် သတင်းစာများတွင်-

**တကောင်းမှ ပျူအထောက်အထားများ ထပ်မံတွေ့ရှိ**ဟု သတင်းဓာတ်ပုံများနှင့် ဖော်ပြထားသည်။ ထိုသတင်းများ ဖတ်ရစဉ်ကပင် တကောင်းကို စိတ်ဝင်စားမိပါသည်။ တကောင်းသည် မြန်မာ့သမိုင်းကို မွေးဖွားရာ ဒေသဖြစ်သည်။ မြန်မာနှင့် တကောင်းသည် ခွဲခြား၍ မရပေ။ ထို့ကြောင့်ပင် ရှေးပညာရှင်များက 'မြန်မာအစ တကောင်းက'ဟု အဆိုပြုခဲ့ကြသည်။

တကောင်းမြို့သို့ ခရီးတစ်ထောက် ရောက်ခွင့်ကြုံခဲ့ပါသည်။ အချိန်ယူ မလေ့လာခဲ့ရ၍ တဒင်္ဂခရီးဟုပင် ဆိုရမည်။ တကောင်းမြို့ဟောင်းရှိ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်တည်ဆောက်ပြီးစီး၍ ဘုရားကြီးအထက် ဌာပနာတော်ပိတ်ပွဲ၊ ရွှေထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း အခမ်းအနားကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၅ရက် (၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂ရက်) ကြာသပတေးနေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြီးမှူးကျင်းပသည့် ပူဇော်ပွဲသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

လေးမျက်နှာဘုရားကြီး ထင်ရှားစွာဖြစ်ပေါ်လာခြင်းကား ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတို့၏ ထက်သန်သောစေတနာနှင့် ဗုဒ္ဓသာသနာတော်ကို ယုံကြည်သော သဒ္ဓါတရားကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးသည် ၁၃၆၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက် (၂၀၀၃ခုနှစ် မေလ ၁၀)ရက်နေ့တွင် တကောင်းသို့ ရောက်ခဲ့သည်။ ထိုသို့ရောက်ရှိပြီး ဒုတိယတကောင်းမင်းဆက် သတိုးမဟာဓမ္မရာဇာ သာသနာတော်နှစ် (၉၈)ခု၌ တည်ထားခဲ့သော ရွှေစည်းခုံ ရှေးဟောင်းဘုရားအတွင်း တောရှင်းကြသည်။ ရှေးဟောင်းဘုရားပျက်ကြီးတစ်ဆူ တွေ့ရှိရကြောင်းနှင့် အုတ်ခွက်ဘုရားဟောင်းများ တွေ့ရှိရကြောင်း သတင်းရရှိသဖြင့် မေလ ၁၉ရက်နေ့ နံနက်ပိုင်းတွင် တောရှင်းရာဖွေရာ အမြင့်ပေ ၂၀ကျော်ခန့်၊ ထုထည်လုံးပတ် ပေ ၉၀ခန့်ရှိ ဘုရားဟောင်း အုတ်ကုန်းကြီးကို တွေ့ရသည်။ အောက်ခြေအုတ်ခုံမှာ မြေပြင်နှင့် တစ်သားတည်း ရှိနေသည်။

စေတီတော်ဟောင်း အုတ်ကုန်းကြီး၏ အရှေ့ဘက်နှင့် အနောက်ဘက်မျက်နှာတွင် အုတ်ဖြင့်တည်ထားသော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူမှာ ခါးတစ်ဝက်တိုင်အောင် မြေသားနှင့် အုတ်ကျိုးများ ဖုံးအုပ်နေသည်။ အပေါ်ပိုင်းတွင် မျက်နှာတော်၊ ဦးခေါင်းတော်၊ လက်မောင်းတော်တို့ကို ဖူးတွေ့ရသည်။ အပေါ်ယံ အင်္ဂတေ သရိုးများမရှိတော့ဘဲ အုတ်ချပ်များဖြင့် တည်ထားသည်ကို တွေ့ရသည်။ တောင်ဘက်နှင့် မြောက်ဘက်မျက်နှာတွင် ရုပ်တော်မူရုပ်ပွားတော်ကြီးနှစ်ဆူရှိကြောင်း သိရှိရသော်လည်း ရာသီဥတုဒဏ်ကြောင့် ပြိုလဲပျက်စီး၍ နေပေပြီ။

ဘုရားဟောင်းအုတ်ကုန်းအနီး အရှေ့တောင်ဘက် ပိန္နဲပင်ခြေရင်း၌ အုတ်ခွက်ဘုရား အကျိုးအပဲ့များတွေ့ ရှိရသည်။ အုတ်ခွက်ဘုရားများမှာ ဖြက် ငါးလက်မ၊ ဒု တစ်လက်မ၊ အမြင့်ခြောက်လက်မခွဲခန့် ရှိသည်။ ထိုအုတ်ခွက်ဘုရားများတွင်-

**ဧသော ဘဂဝါ မဟာရာဇ သိရီ အနိရုဒ္ဓ ဒေဝေန၊**

**ကတော ဝိမုတ္တတ္ထံ သဟတ္ထေ နေဝါတိ-**

ဟု ရေးထိုးထားသော စာတန်းကိုတွေ့ရှိရသည်။ ထိုပါဠိ၏ ဆိုလိုရင်းမှာ-

"ဤ မြတ်စွာဘုရားကို မင်းမြတ်ဖြစ်တော်မူသော ကျက်သရေ အပေါင်းနှင့် ပြည့်စုံတော်မူသော အနိရုဒ္ဓ(အနော်ရထာ) မင်းသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ မိမိလက်ဖြင့် သွန်းလုပ်တော်မူသည်"ဟူ၍ဖြစ်သည်။ ဤအုတ်ခွက်စာကို ကြည့်လျှင် ပုဂံခေတ်အနော်ရထာမင်း၏ ကောင်းမှုဖြစ်ကြောင်း ထင်ရှားပါသည်။

အနော်ရထာမင်းတရားကြီး၏ ကောင်းမှုတော် ဖြစ်သော လေးမျက်နှာစေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ထားရန်အတွက် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၂ရက် (၂၀၀၄ခုနှစ် ဇွန်လ ၁၈ရက်) သောကြာနေ့နံနက် မင်္ဂလာရှိသော ၈နာရီ ၁၀မိနစ်အချိန်တွင် ပန္နက်တော်တင်နှင့် အုတ်မြစ်တော်စီမင်္ဂလာကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပြုလုပ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်) တနင်္ဂနွေနေ့တွင် မူလဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့သည်။

၁၃၆၇ခုနှစ် ကဆုန်လပြည့် (၂၀၀၅ခုနှစ် မေလ၅ရက်) တနင်္ဂနွေနေ့တွင် ပန်းလည်တိုင်စိုက်ထူခြင်းမင်္ဂလာကို ကျင်းပပြုလုပ်ခဲ့သည်။

ယခုလေးမျက်နှာစေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းပြီးစီးပြီဖြစ်၍ အထက်ဌာပနာတော်သွင်းခြင်း၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို ဆင်နွှဲကျင်းပသည်။

**မြန်မာအစ တကောင်းကဟု ဂုဏ်ယူခဲ့ကြသော တကောင်း၏ သမိုင်းသည် တစ်ခေတ်ဆန်းသစ်လာပေတော့မည်။ တကောင်းမြို့ အဝင်တွင်လည်း မုခ်ဦးကြီးကို တည်ဆောက်၍ ပြီးပေပြီ။ တကောင်းမှ တူးဖော်တွေ့ရှိရသော ပျူအိုးများမှ ဒီဇိုင်းပုံများကိုယူ၍ တည်ဆောက်ထားသည်ဟု သိရသည်။** တကောင်းပျူအိုး ဒီဇိုင်းများမှာ ၆၅ မျိုးရှိသည်။ အိုးဒီဇိုင်းပုံများဖြင့် မုခ်ဦးကိုအလှဆင်ထားသည်။

တကောင်းမြို့ လေးမျက်နှာစေတီတော်ကြီး ထီးတော်တင်၍ အောင်မြင်သောလကား (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဆင်နွှဲကျင်းပသည့် ဖေဖော်ဝါရီလဖြစ်သည်။ စေတီတော်ကြီးဘွဲ့တော်က လေးမျက်နှာစေတီတော်ဖြစ်သည်။ မြန်မာ့သမိုင်းအစဖြစ်သော တကောင်းမြို့ကြီး၌ လေးမျက်နှာစေတီတော်ကြီး အောင်မြင်ပြီးစီးခဲ့ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ စည်းလုံးညီညွတ်မှုကိုပြသော ကောင်းမြတ်သော ပြယုဂ်ပါတကားဟု မြင်ယောင်မိပါသတည်း။ ။

**ပျူအရိုးအိုးနှင့် ရေတကောင်းများ တကောင်းဒေသ၌ အစုလိုက်အပြုံလိုက်တွေ့ရှိ။ ဟန်လင်း ဗိဿနိုး သရေခေတ္တရာမြို့ဟောင်းများ၌ တွေ့ခဲ့ရသော ပစ္စည်းများဖြစ်။ တကောင်းဒေသကို ရှေးဦးပျူတို့ နေထိုင်ရာဒေသအဖြစ် သက်သေပြနိုင်ပြီ။**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် ဧပြီ ၂၀ရက်က ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဝိမလထံ အလှူရှင်မော်လမြိုင်မြို့နေ ဦးရန်အောင်၊ ဒေါ်ရှမ်းမ၊ ညီမ ဒေါ်ကျင်ငွေ(အောင်သွေးဆေးစတိုး) မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၀၇)

မောင်တောမြို့နယ်အသင်း နှစ်ပတ်လည် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဧပြီ ၂၃ရက်က ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မန္တလာကံရုံကျောင်းတိုက် ဇယမေဒနီသိမ်တော်ကြီး၌ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင်မမေသရဖူ (အထက၊သုဝဏ္ဏ)အား မြို့နယ်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကံသိန်းအောင်(ငြိမ်း) ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (၂၃)

အင်းစိန်မြို့ မြို့သစ်(က+ခ)ရပ်ကွက် (က/၅)လမ်းနေ ကွယ်လွန်သူ ဒေါ်ကြွေအား ရည်စူး၍ ဒေါ်ခင်သန်းဦးနှင့် မောင်နှမတစ်စုတို့က အလှူငွေကျပ်တစ်သိန်းကိုအင်းစိန်ကွက်သစ်ရပ်ကွက် မာလာရာမဘုန်းတော်ကြီး ကျောင်းတိုက်ရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ စာရင်းစစ် ဦးမြတ်ဆွေနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် (၂၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ရက်က ရပ်ကွက်မွှော်ရုံ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေး အဘိုးတစ်ဦးအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (၅၂၇)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၄-၄-၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

**၇း၀၀** ၁။ မြဝတီအဖွင့်
**၇း၀၅** ၂။ အဖွင့်သီချင်း
**၇း၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
**၇း၁၅** ၄။ မျိုးချစ်တပ်မတော်
**၇း၂၀** ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
**၇း၃၀** ၆။ မြန်မာသံစဉ်ချိုနှားဝင်
**၇း၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
**၇း၅၀** ၈။ ခါသကြီန်အဆိုအကများ
**၇း၅၅** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၈း၁၀** ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈း၁၅** ၁၂။ အပိတ်နှုတ်ဆက်စကား
**၈း၁၆** ၁၃။ ပြီးပါပြီ။

**ညပိုင်း**

**၄း၀၀** ၁။ မြဝတီအဖွင့်
**၄း၀၅** ၂။ အဖွင့်သီချင်း
**၄း၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
**၄း၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄း၂၀** ၅။ ခါသကြီန်အဆိုအကများ
**၄း၂၅** ၆။ လက်စွမ်းပြပဟန်ဂီတသံ
**၄း၃၀** ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄း၃၅** ၈။ မျိုးချစ်တပ်မတော်
**၄း၅၀** ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၅း၃၀** ၁၀။ ခါသကြီန်အဆိုအကများ
**၅း၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
**၆း၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
**၆း၁၀** ၁၃။ နိုင်ငံတကာသတင်း
**၆း၂၀** ၁၄။ မိုးလေဝသသတင်း
**၆း၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆း၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
**၇း၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း-၃၄)**
**၈း၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကောင်းကင်သိုင်းကွက် (အပိုင်း-၂၃)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# သြစတြေးလျတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံး

**ကင်ဘာရာ ဧပြီ ၂၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် သောကြာနေ့ မွန်းလွဲပိုင်းက သြစတြေးလျ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သြစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့ (အေဒီအက်ဖ်)က စနေနေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

**သေဆုံး**

အီရတ်နိုင်ငံတွင် သြစတြေးလျ တပ်ဖွဲ့ဝင် သေဆုံးမှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ၎င်းသည် သေနတ်ဒဏ်ရာရရှိခဲ့ပြီး အမေရိကန်စစ်ဘက်ဆေးရုံတွင်သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

**ဆက်နွှယ်မှုမရှိ**

၎င်းသြစတြေးလျ တပ်ဖွဲ့ဝင်သည် ဘဂ္ဂဒက်လုံခြုံရေးတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး သေနတ်ပစ်ခံရမှုသည် တိုက်ခိုက်မှုနှင့် ဆက်နွှယ်မှုမရှိဟု ကြေညာချက်တွင်ပါရှိသည်။

စုံစမ်းစစ်ဆေးမှုမပြီးမီအထိ အေဒီအက်ဖ်က သတင်းအသေးစိတ်ထုတ်ပြန်မည်မဟုတ်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**ဂရိနိုင်ငံ မီလော့စ်ကျွန်း၏ အနောက်တောင် ပိုင်းရှိ ကမ္ဘာ လှည့်ခရီးသည် များ စိတ်ဝင်စားရာ ကလက်ဖ်တီကို ဒေသမှ ကျောက်ဆောင် မှန်ဦး အလှကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ - အင်တာနက်)*

# အိန္ဒိယအလယ်ပိုင်းတွင် မင်္ဂလာဆောင်၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**နယူးဒေလီ ဧပြီ ၂၂**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒယာပရာဒေ့ရှ်ပြည်နယ်၌ လူ ၁၀၀ ကျော်သည် မင်္ဂလာဆောင်ဧည့်ခံပွဲတွင် စားသောက်ကြပြီးနောက် နာမကျန်းဖြစ်ခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

နာမကျန်းဖြစ်သူများအနက် ၆၅ ဦးကို ရတ်လမ်ခရိုင်ရှိ ဆေးရုံသို့ တင်ပို့လိုက်ပြီး ကျန်ရှိသူများကို ရှေးဦးသူနာပြုနည်းဖြင့် ပြုစုပေးလိုက်ကြောင်း ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ နာမကျန်းဖြစ်သူ အတော်များများမှာ အူရောင်နာရောဂါ ဖြစ်ပွားလျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း ရတ်လမ်ခရိုင် ဆေးမှူးချုပ် ကေ၊စီ၊ပသက်က ပြောကြားသည်။ အဆိုပါ ဖြစ်ရပ်မတိုင်မီ လွန်ခဲ့သည့် ငါးရက်ကလည်း ရတ်လမ်ခရိုင်မှာပင် လူ ၃၅ ဦးသည် မင်္ဂလာဆောင်ဧည့်ခံပွဲတွင် စားသောက်ကြပြီးနောက် နာမကျန်းဖြစ်ခဲ့သည်။ ရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားပြီး လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန် အစားအသောက် နမူနာများကို သိမ်းဆည်းသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# နေရောင်ခြည်မှ တစ်ဆင့် ခရမ်းလွန်ရောင်ခြည် မသင့်ရေး ကနေဒါတွင် သတိပေး

**အော့တဝါ ဧပြီ ၂၂**

နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် ရေဒီယို သတ္တိကြွမှုအဆင့်သည် ကြောက်မက်ဖွယ်ကောင်းသည်အထိ ၄ ရာခိုင်နှုန်း မြင့်မားလာနေသဖြင့် ယခုနှစ် နွေရာသီတွင် ယခင်နှစ်များကထက် နေရောင်ခြည်သင့်မှု အန္တရာယ်ရှိနေကြောင်း ကနေဒါနိုင်ငံမှ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များက သတိပေးပြောကြားလိုက်သည်။

ကမ္ဘာကြီးကို အကာအကွယ်ပေးနေသည့် အိုဇုန်းလွှာသည် ပါးလွှာနေပြီဖြစ်ကြောင်း၊ နေရောင်ခြည်မှ ခရမ်းလွန်ရောင်ခြည် ထုတ်လွှတ်မှုများပြားလာပြီး ယခုနှစ်တွင် ကြောက်မက်ဖွယ် ကောင်းသည့်အဆင့်အထိ ခရမ်းလွန်ရောင်ခြည် ရေဒီယိုသတ္တိကြွမှုသည် ၄ ရာခိုင်နှုန်းအထိ မြင့်မားလာနိုင်ကြောင်း ဖော်ပြပါဌာနမှ သိပ္ပံပညာရှင်များက သောကြာနေ့တွင် ပြောကြားသည်။

ယင်းကြောင့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများအနေဖြင့် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုမရှိစေရန်၊ သို့တည်းမဟုတ် အကာအကွယ်ဖြင့် နေထိုင်ကြရန် ၎င်းသိပ္ပံပညာရှင်များက တိုက်တွန်းနှိုးဆော်ထားသည်။ ပြည်သူများအနေဖြင့် နေကာမျက်မှန်များ တပ်ဆင်ကာ ဦးထုပ်ဆောင်းထားသင့်သည်ဟု ၎င်းတို့က အကြံဉာဏ်ပေးထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျပန်နိုင်ငံ၌ ဂျုံစိုက်ခင်းတစ်ခုအတွင်း ခေတ်မီဂျုံရိတ်သိမ်းစက်များ အသုံးပြု၍ ရိတ်သိမ်းနေသည်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ကြက်ငှက်တုပ်ကွေးဆိုင်ရာ ခေတ်မီဓာတ်ခွဲခန်း ဗီယက်နမ်တွင် ဖွင့်လှစ်

**ဟနွိုင်း ဧပြီ ၂၂**

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ရောဂါရှာဖွေရေး ခေတ်မီဓာတ်ခွဲခန်းတစ်ခုကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ရန် အမေရိကန်ဒေါ်လာ ၂၈၁၀၀၀ ရင်းနှီးမြှုပ်နှံထားကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးအမည်ရှိ သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ရှာဖွေရေး သုတေသနဓာတ်ခွဲခန်းကို ထူထောင်ဖွင့်လှစ်နိုင်ခြင်းဖြင့် ဗီယက်နမ်နိုင်ငံတွင်သာမက အိမ်နီးချင်း လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်ပါ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူရရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အီရတ်ရုပ်ရှင်မင်းသား အမေရိကန်သို့လာရန် ပြည်ဝင်ခွင့်ဗီဇာမရ

**လန်ဒန် ဧပြီ ၂၂**

အမေရိကန် ပြည်ထောင်စုကို စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်မှု ရုပ်ရှင်ကားသစ်တွင် လေယာဉ်အပိုင်စီးသူအဖြစ် သရုပ်ဆောင်ခဲ့သူ အီရတ်နိုင်ငံသားမင်းသားက ယင်းရုပ်ရှင်ပွဲဦးထွက်တင်ဆက်ပြသမှုကိုကြည့်ရှုရန်အတွက် အမေရိကန်ပြည်ထောင်စုသို့လာရန် ပြည်ဝင်ခွင့်ဗီဇာ ငြင်းပယ်ခံခဲ့ရကြောင်း သောကြာနေ့က မကျေမနပ် ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ၁၉၉၅ ခုနှစ်ကတည်းက နေထိုင်ခဲ့သည့် လူးဝစ္စ အယ်လ်ဆာမာရီက ၎င်းလာရောက်မည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ အချိန်လုံလုံလောက်လောက် ကြိုတင်အကြောင်းကြားမှုမရှိခဲ့ဟု လန်ဒန်ရှိအမေရိကန်သံရုံးက ပြောကြားသည်။

အယ်လ်ဆာမာရီကို နယူးယောက်သို့ အချိန်မီရောက်ရန် သံရုံးမှတာဝန်ရှိ ပုဂ္ဂိုလ်များက အကောင်းဆုံးကြိုးပမ်းနိုင်သည်ဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ သို့ရာတွင် အာမခံချက် မပေးနိုင်ဟုပြောကြားသည်။

ယူနိုက်တက် ၉၃ အမည်ရှိ ရုပ်ရှင်ကားတွင် အယ်လ်ဆာမာရီကမင်းသားအဖြစ် သရုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယင်းရုပ်ရှင်သည် လေယာဉ်အပိုင်စီးခံရပုံနှင့် ပင်ဆီဗေးနီးယားတွင် ပျက်ကျသွားပုံကို ရိုက်ကူးထားခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံသား ပေါလ်ဂရင်းဂရပ်စ်ရိုက်ကူးသည့် အဆိုပါရုပ်ရှင်ကို နယူးယောက်မြို့ရှိ ထရိုင်ဘီကာ ရုပ်ရှင်ပွဲတော်၌ လာမည့်ရက်သတ္တပတ်တွင် ပွဲဦးထွက် တင်ဆက်ပြသမည်ဖြစ်သည်။

မိမိကိုလန်ဒန်ရှိ အမေရိကန်သံရုံးက အမေရိကန်ပြည်ထောင်စုသို့ ဝင်ခွင့်မကြာခဏ ပိတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိသည်အီရတ်တပ်မတော်တွင် ၁၉၉၀ ပြည့်နှစ်များတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသောကြောင့် ဖြစ်သည်ဟု အသက် (၃၀) ရှိ အယ်လ်ဆာမာရီကပြောကြားသည်။ ***အမ်အင်အေရိုက်တာ။***

**ဘယ်လ်ဂျီယံနိုင်ငံ ဒီပန်နီကမ်းခြေတွင်အလှဆင် ပြသထားသည့်သစ်သားဆင်ရုပ်တုများကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# ဆိုက်ဘေးရီးယားဒေသတွင် ပြင်းထန်သည့် ငလျင်လှုပ်

**ဝါရှင်တန် ဧပြီ ၂၂**

ရုရှားနိုင်ငံ၏ မြို့တော်မော်စကို၏ အရှေ့မြောက်ဘက် မိုင် ၃၉၃၀ အကွာရှိ ဆိုက်ဘေးရီးယားဒေသတွင် ရစ်ချ်တာစကေး ၇ ဒသမ ၇ အင်အားရှိ မြေငလျင် သောကြာနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်က လှုပ်သွားခဲ့ကြောင်း အမေရိကန်ဘူမိဗေဒဌာနက ကြေညာသည်။

**၇ ဒသမ ၈ မိုင်**

ရုရှားနိုင်ငံ အီလ်ပီစကီးမြို့၏ အရှေ့မြောက်ဘက် ၁၂၅ မိုင်အကွာတွင် မြေငလျင်လှုပ်ခြင်းဖြစ်ပြီး မြေအောက် ၇ ဒသမ ၈ မိုင် အနက်နေရာ၌ လှုပ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# ဘရာဇီးနိုင်ငံသား အာကာသယာဉ်မှူးအား အထူးစွမ်းဆောင်မှုဘွဲ့ပေးအပ်

ဘရာဆီးလီးယား ဧပြီ ၂၂

ဘရာဇီးနိုင်ငံမှ ပထမဆုံး အာကာသယာဉ်မှူးဖြစ်သည့် မာကော့စ်ပွန်တီသည် နိုင်ငံတကာ အာကာသစခန်းသို့ မစ်ရှင်ခရီး သွားရောက်ခဲ့ပြီး ဘရာဇီးနိုင်ငံသို့ ပြန်ရောက်လာရာတွင် ဘရာဇီးသမ္မတ လူးဝစ်အီနာစီယိုလူလာ ဒါဆီယ်ဗာက အမျိုးသားအထူးစွမ်းဆောင်မှုဘွဲ့ကို ကြာသပတေးနေ့တွင် ပေးအပ်ခဲ့သည်။

အာကာသသို့ သွားလာရေးအစီအစဉ်ကို တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် ဘရာဇီးနိုင်ငံအနေဖြင့် မိမိကံကြမ္မာ မိမိဖန်တီးနိုင်ရန် လိုအပ်သည့်အစီအစဉ်များကို ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြသလျက်ရှိကြောင်း၊ ဘရာဇီးအနေဖြင့် အချုပ်အခြာအာဏာ အပြည့်အဝပိုင်စိုးသည့် နိုင်ငံအဖြစ် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်နေကြောင်း သမ္မတ လူလာက အာကာသယာဉ်မှူးပွန်တီကို ကြိုဆိုသည့် အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

အာကာသမစ်ရှင်ခရီးသည် အပြည့်အဝ အောင်မြင်မှုရှိပြီး အာကာသစူးစမ်းရေးနှင့်စပ်လျဉ်း၍ အရေးပါသည့် စမ်းသပ်မှုများပြုလုပ်ရန် ဘရာဇီးတွင် အခွင့်အလမ်းများရှိနေပြီဟု မာကော့စ်ပွန်တီက ကြိုဆိုနေကြသည့် ပရိသတ်ကြီးကို ပြောကြားသည်။

မာကော့စ်ပွန်တီသည် အမေရိကန်မှဂျက်ဖရီဝီလီယံနှင့် ရုရှားမှ ပေဗယ်ဗီနိုဂရာဒေါ့ဗ်အာကာသယာဉ်မှူးများနှင့်အတူ ဆိုယုဇ်အာကာသယာဉ်ဖြင့် အာကာသစခန်းသို့ မတ်လ ၃၀ရက်က မစ်ရှင်ခရီးသွားရောက်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## အာဖဂန်နစ္စတန်တွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူး ဧပြီ ၂၂

အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်းက အာဖဂန်နစ္စတန်နိုင်ငံ အူရုပ်ဇဂန်ပြည်နယ် ဒီရာဝုဒ်ဒေသတွင် လက်နက်များ ဝှက်ထားသည့်နေရာကို ရှာဖွေနေစဉ် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး သောကြာနေ့က ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်ကို ဆေးကုသရန်အတွက် ကန်ဒါဟာဒေသသို့ ရွှေ့ပြောင်းပေးလိုက်သည်ဟု အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။

၎င်းအမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှုနှင့် ဆိုပါက အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၅ ဦးရှိပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**




အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် ဓာတ်ရထားတစ်စင်းအတွင်း ပိတ်မိနေသူများအား ကယ်ဆယ်ရေး ဆောင်ရွက်နေသည်ကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်သို့ တပ်ဖွဲ့စေလွှတ်ရေး ဝန်ကြီးချုပ်ဟွန်ဆန် ပယ်ချ

ဖနောင်ပင် ဧပြီ ၂၂

**အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အမေရိကန် ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကို ကမ္ဘောဒီးယားက ပယ်ချလိုက်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က သောကြာနေ့တွင် ပြောကြားသည်။**

မိမိတို့၏ တပ်ဖွဲ့ဝင်များကို အီရတ်သို့ စေလွှတ်မည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းပြဿနာသည် ကုလသမဂ္ဂက ကိုင်တွယ်သည့် ပြဿနာမဟုတ်၍ ဖြစ်ကြောင်း ဟွန်ဆန်က သတင်းထောက်များကို ပြောကြားသည်။

### တွေ့ဆုံ

သို့ရာတွင် ကုလသမဂ္ဂ၏ ထိန်းချုပ်မှုအောက်၌ရှိနေစေကာမူ ကမ္ဘောဒီးယားက ယခုထက်တိုင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည် မဟုတ်ကြောင်း ၎င်းက အမေရိကန် သံအမတ်ကြီး ဂျိုးဇက်အစ်မူဆိုမယ်လီနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အီရတ်နိုင်ငံတွင် မိမိတို့နေ့စဉ်နှင့်အမျှ လူများသေဆုံးနေပုံနှင့် ဓားစာခံအဖြစ် အဖမ်းခံရပုံများကို မြင်တွေ့နေရကြောင်း ၎င်းက ပြောကြားသည်။ စစ်ပွဲ၏ ဒဏ်ရာဒဏ်ချက်ကို နှစ် ၃၀ ခန့် ကြုံတွေ့ခဲ့ရသည့် မိမိ၏ပြည်သူ လူထုကို အီရတ်၌ ဓားစာခံများ ခေါင်းဖြတ်ခံရပုံနှင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မိသားစုများ ကွဲကွာရမည့် ကြောက်မက်ဖွယ်ရာ ဒုက္ခဝေဒနာများကို မမြင်စေလို မတွေ့စေလိုဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**

## ပီရူးနိုင်ငံ တောင်ပိုင်းတွင် မီးတောင်ပေါက်ကွဲလုနီးပါးဖြစ်နေ
## ဒေသခံရွာသူ၊ ရွာသားများ ထွက်ပြေးကြရ

ယူဘီနက်စ်(ပီရူး) ဧပြီ ၂၂

**ပီရူးနိုင်ငံတောင်ပိုင်းဒေသရှိ မြို့တစ်မြို့တွင် မီးတောင်မှ မီးခိုးများ မှုတ်ထုတ်နေပြီး မီးတောင် ပေါက်ကွဲလုနီးပါးဖြစ်နေသဖြင့် ယင်းမြို့မှ လယ်သမားအများအပြား ထွက်ပြေးကြသည်။ ဒေသခံများကို ကြိုတင်၍ ရွှေ့ပြောင်းထားရန် တာဝန်ရှိသူများက သတိမှတ်ထားခဲ့ပြီးဖြစ်သည်။**

မီးတောင် ပြန်လည်လှုပ်ရှားခဲ့ပြီးသည့်နောက် ယူဘီနက်စ် မီးတောင်ဆင်ခြေလျှောတစ်လျှောက် နေထိုင်သူမိသားစုများတွင် အသက်ရှူကျပ်သည့် ရောဂါ ဝေဒနာများနှင့် အိမ်မွေးတိရစ္ဆာန်များ အဆိပ်ဖြစ်သည့် ဝေဒနာများ ဖြစ်ပွားနေသည်။ ယင်းဒေသမှ ပြောင်းရွှေ့ရန် တာဝန်ရှိပုဂ္ဂိုလ်များက ညွှန်ကြားထားသော်လည်း ၎င်းမိသားစုများက ယင်းနေရာမှ ထွက်ခွာခြင်း မပြုဘဲ နေခဲ့ကြသည်။

ယူဘီနက်စ်မီးတောင်သည် တစ်လလုံးနီးပါး မီးခိုးများ ကြိုးကြားကြိုးကြား မှုတ်ထုတ်ခဲ့ပြီး ဆယ်စုနှစ်လေးစုမျှ ငြိမ်သက်ရာမှ ပြန်လည်လှုပ်ရှားလာခဲ့ကာ အနီးအပါးရှိ မြို့များသည် မီးတောင်အသေးစား လှုပ်ရှားမှုများဖြင့် ကြုံတွေ့ခဲ့ကြသည်။

သောကြာနေ့တွင် အဆိုပါ မီးတောင်မှ နောက်ထပ်မီးခိုးလုံးများ မှုတ်ထုတ်ရာ ကောင်းကင်ယံတွင် မိုင်အနည်းငယ်ခန့်အထိ မီးခိုးတိမ်တိုက်ကြီးများ ဖုံးလွှမ်းသွားခဲ့သည်။

မီးတောင်နှင့် အနီးဆုံး မြို့ဖြစ်သည့် ကာရာပီမြို့မှ လယ်သမားအချို့သည် ၎င်းတို့၏ အိမ်မွေးတိရစ္ဆာန်များကို တစ်ဝက်ဈေးဖြင့် ရောင်းချကာ အရီကီပါမြို့သို့ ဘတ်စ်ကားများဖြင့် ထွက်ခွာသွားခဲ့ကြသည်။

အိမ်မွေးတိရစ္ဆာန်များသည် မီးတောင်မှ မှုတ်ထုတ်သည့် ပြာများဖုံးနေသော မြက်များကို စားမိသဖြင့် အဆိပ်မိကုန်ကြပြီး ရေနှင့် ပြောင်းသီးနှံများသည်လည်း ညစ်ညမ်းမှုများရှိနေသည်ဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

**တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့ရှိ လေရဟတ်မှ စွမ်းအင် ထုတ်လုပ်ရေး သုတေသနစခန်းတစ်နေရာကို ဧပြီ ၂၂ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**ကုန်းရောရေပါ**
**သွားနိုင်သည့်**
**မော်တော်ကား**

**ဗြိတိန်နိုင်ငံ အကွာဒါကုမ္ပဏီက ထုတ်လုပ်သည့် ကုန်းရောရေပါ မောင်းနှင်နိုင်သည့် မော်တော်ကား တစ်စီးကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်နိုင်ငံ ကျီလင်ပြည်နယ်တွင် ဆီးနှင်းထူထပ်စွာ ကျရောက်

ယန်ကျီ(ကျီလင်) ဧပြီ ၂၂

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ် ရန်ဘီရန်ကိုရီယန် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ဗုဒ္ဓဟူးနေ့နှောင်းပိုင်းမှစတင်၍ ယခင်နှင့်မတူ တစ်မူထူးခြားစွာ ဆီးနှင်းကျရောက်မှုပြင်းထန်သဖြင့် လူ ၃၃၀၀၀ ကျော် ဘေးဒုက္ခ တွေ့ကြုံခဲ့ရပြီး စီးပွားရေးအရ ယွမ်ငွေ ၁၁ သန်း ထိခိုက်ခဲ့ရကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရိုင်ရှစ်ခရိုင်တွင် ဆယ်စုနှစ်နှစ်စုအတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် ဆီးနှင်း ၂၅ စင်တီမီတာထုအထိ ကျရောက်ခဲ့သည်ဟု ဒေသအစိုးရက ပြောကြားသည်။

နှစ်ရက်ကြာ တိုက်ခတ်သည့် နှင်းမုန်တိုင်းကြောင့် မိသားစု ၂၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ပြီး ကျွဲနွား ၆၂ ကောင် သေဆုံးခဲ့သည်ဟု ယင်းဒေသရှိ ပြည်သူ့ရေးရာဌာနက ပြောကြားသည်။

အိုးမဲ့အိမ်မဲ့ဖြစ်ရသူများသည် ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် နေထိုင်ကြပြီး ယင်းဒေသမှ ပျက်စီးမှုများ စုံစမ်းရန်နှင့် နှင်းမုန်တိုင်းဒဏ်ခံရသည့် ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ဝေငှရန် ဒေသဆိုင်ရာအစိုးရက အထူးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Thambynathan Jasudasen **လာရောက်တွေ့ဆုံစဉ်။**

(ပြည်ထဲရေး)

**ရန်ကုန် ဧပြီ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Thambynathan Jasudasen နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long တို့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ တစ်ဦးချင်း သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးရဲမြင့်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် ရဲမှူးသန်းဆွေတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် ခရမ်းမြို့နယ်တွင် ကျေးလက်ပြည်သူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၂၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်သို့ သွားရောက်ပြီး တမံကြီးကျေးရွာနှင့် ကျုံတူးကျေးရွာတို့မှ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် နံနက် ၉နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် တမံကြီးကျေးရွာသို့ရောက်ရှိကြပြီး တမံကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ မေဂိန္ဒ အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် တမံကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ခရမ်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တမံကြီးကျေးရွာနှင့် ကျုံတူးကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**(အပေါ်ပုံ)**

ထို့နောက် တမံကြီးကျေးရွာနှင့် ကျုံတူးကျေးရွာတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၁၃၂၅စောင်ကို ကျေးရွာစည်းရုံးရေးမှူးက ပေးအပ်ရာ ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက လက်ခံယူသည်။

(၁၉)

**ရန်ကုန်မြို့ သုဝဏ္ဏမြို့ ဓနအောင်လမ်းသွယ်နေ ဒေါ်ခင်စန်းရီ၏ (၇၉)နှစ်မြောက် မွေးနေ့တွင် သဃ်န်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က-ပ)

# ဦးသိန်းဝင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှပယ်ဖျက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် (၁၆၆၂)**

(၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်)
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အကြောင်းအရာ။ **ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသိန်းဝင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်ခြင်း**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသိန်းဝင်းသည် ၂၀၀၆ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသဖြင့် ဦးသိန်းဝင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**(အေးမောင်)**
**အတွင်းရေးမှူး**

# ဦးစောဌေးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ်(၁၆၆၃)**

(၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ရက်)
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၁ရက်)

အကြောင်းအရာ။ **ဦးစောဌေးအား မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစောဌေးက မိမိသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်အဖြစ် ရပ်တည်စဉ်က ပါတီနိုင်ငံရေးသန့်သန့်သာ ဆောင်ရွက်ခဲ့ပါကြောင်း၊ လူပုဂ္ဂိုလ်အစွဲဖြင့် ပါတီနိုင်ငံရေးပြုလုပ်ခဲ့ခြင်းမဟုတ်ပါကြောင်း၊ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပုဂ္ဂိုလ်ရေးအာဃာတများ၊ ဂိုဏ်းဂဏကွဲပြားနေမှုများကြောင့် အဖွဲ့ချုပ်ပါတီပေါ်တွင် စိတ်ကုန်ခန်းလာခဲ့ခြင်း၊ အဖွဲ့ချုပ်ပါတီတစ်ဖွဲ့လုံးသည် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသောစကားရပ်ကို ဆန့်ကျင်၍ အနောက်မျှော်ဝါဒကို ကျင့်သုံးကာ အနောက်နိုင်ငံများကို အားကိုး၍ ပြည်တွင်းစည်းလုံးညီညွတ်မှုကို ဥပေက္ခာပြုနေခဲ့ကြမှုတို့ကြောင့် မိမိသည် ၆-၃-၂၀၀၆ရက်နေ့မှစ၍ မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ စဉ့်ကူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်မှလည်းကောင်း အပြီးအပိုင် နုတ်ထွက်လိုက်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် အမျိုးသားညီလာခံကြီးကို ထောက်ခံကြိုဆိုပါကြောင်းဖော်ပြ၍ နုတ်ထွက်လွှာကို ယင်း၏ ဆန္ဒအလျောက် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစောဌေး၏ တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(င)နှင့်အညီ ဦးစောဌေးအား ယနေ့မှစ၍ စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**(အေးမောင်)**
**အတွင်းရေးမှူး**

**နှစ်ဖက်မိဘများအား အမှူးထား၍ အမှတ်(၁၃) ကမ္ဘာ့ဌာန်းကျောင်းလမ်း ဘိုကုန်း အင်းစိန်မြို့နယ်နေ ဦးမောင်မောင်ရွှေ၊ မသန္တာဆွေဦး၊ သားမောင်သုထက်၊ မောင်သုဝေမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။**

(က-ပ)

# ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အပြိုင်အဆိုင်ဆောင်ရွက်နေ မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေ

❐ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုးနှင့် ဗိုလ်ချုပ်ခင်အောင်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၀၆ခုနှစ် မတ်လ ၂၇ရက်နေ့သည် မြန်မာ့တပ်မတော်၏ (၆၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်သလို မြဝတီရုပ်မြင်သံကြား၏ (၁၁)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားနေ့လည်း ဖြစ်ပါကြောင်း၊ မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်အခမ်းအနားနှင့်အတူ မြဝတီစာပေတိုက်၏ ၂၀၀၅ ခုနှစ်အတွက် နှစ်ပတ်လည် အကောင်းဆုံးဓာတ်ပုံဆုနှင့် စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားလည်း ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အပြိုင်အဆိုင်ဆောင်ရွက်နေကြသည့် အချိန်အခါဖြစ်တဲ့အတွက် ယနေ့ခေတ်ကို နည်းပညာခေတ်ဟု တင်စားသတ်မှတ်နေကြသည်အချိန်လည်း ဖြစ်ပါကြောင်း၊ နည်းပညာများသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေကြောင်း။

မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံး တစ်ချိန်တည်းတစ်ပြိုင်တည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

## အချိန်နဲ့တစ်ပြေးညီ

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ နည်းပညာကို အသုံးချပြီး ကမ္ဘာ့တစ်နေရာက သတင်းအချက်အလက်ကို အခြားသော ကမ္ဘာ့နေရာအသီးသီးသို့ အချိန်နဲ့တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ခြင်းဖြင့် သတင်းလက်ဦးမှု ရယူဆောင်ရွက်နေခြင်းကိုလည်း တွေ့မြင်ရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လူထုဆက်သွယ်ရေးယန္တရားဟာ နည်းပညာများနှင့်အတူ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေတာ ဖြစ်တဲ့အတွက် ရုပ်မြင်သံကြားနဲ့စာနယ်ဇင်းဆိုတဲ့ မီဒီယာဟာလဲ လူထုထဲကို အချိန်နဲ့တစ်ပြေးညီ ရောက်ရှိနေရာယူလာတာကို တွေ့ရမှာဖြစ်ကြောင်း။

နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့နိုင်ငံအချို့ဟာ စစ်ရေး၊ စီးပွားရေးနဲ့ နည်းပညာသာလွန်မှုတွေနဲ့ အပေါ်စီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများပြုလုပ်နေသလို မီဒီယာလမ်းကြောင်းကနေ ၎င်းတို့ရဲ့ အရှိန်အဝါဩဇာလွှမ်းမိုးမှုရရှိအောင် ဆောင်ရွက်နေတာ တွေ့ရမှာဖြစ်ကြောင်း။

ယနေ့ပြည်ပနိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံရဲ့ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုတွေကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားအောင် မီဒီယာကိုလက်နက်သဖွယ် အသုံးပြုနေသလို ပြည်တွင်းမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲအောင်၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုမရှိအောင် မဟုတ်မမှန် ကောလာဟလသတင်းတွေကို လုပ်ကြံထုတ်လွှင့်နေတာလည်း အားလုံးအသိပဲဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ၎င်းတို့ရဲ့ အတွေးအခေါ်၊ အယူအဆများနဲ့ ယဉ်ကျေးမှုစနစ်များကို သွတ်သွင်းပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ စရိုက်လက္ခဏာတွေ ပျက်သုဉ်းအောင်လဲ ပြုလုပ်နေတာကို တွေ့မြင်ရမှာဖြစ်ကြောင်း။

## ပျက်စီးအောင်လုပ်နေ

ထို့အတူ ပြည်တွင်းပြည်ပအဖျက်သမားတွေကို ကူညီအားပေးပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ရပ်တန့်ပျက်စီးအောင် လုပ်ဆောင်နေတာကိုလဲ တွေ့ရမှာဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံကြီးအချို့က မမှန်ကန်တဲ့ သတင်းအချက်အလက်တွေကို လိမ်ညာထုတ်လွှင့်ပြီး နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေတဲ့အချိန်မှာ မိမိတို့ မြန်မာနိုင်ငံရဲ့ ပကတိအေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ ပြည်သူနဲ့အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်းရှိနေမှုတွေကို ပြန်လည်ထုတ်လွှင့်ပြသ၊ ရေးသားပြီး ပြည်သူတစ်ရပ်လုံးကို အမှန်အတိုင်း သိရှိစေဖို့အတွက် လုပ်ဆောင်နိုင်တာကတော့ မီဒီယာဟုခေါ်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းပဲ ဖြစ်ကြောင်း။

မီဒီယာများတွင် ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနဲ့ ပညာပေးမှုမှာ အထိရောက်ဆုံးဆောင်ရွက်နိုင်တဲ့ လူထုဆက်သွယ်ရေး လုပ်ငန်းဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နှစ်ပတ်လည် မြဝတီ ရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## အထိရောက်ဆုံး

အဲဒီထဲမှာမှ ရုပ်မြင်သံကြားသည် လူထုပရိသတ်နဲ့ အရင်းအနှီးဆုံးမီဒီယာဖြစ်ကြောင်း၊ အထိရောက်ဆုံးလည်းဖြစ်ကြောင်း။

မြဝတီရုပ်မြင်သံကြားဟာ လူထုဆက်သွယ်ရေးလုပ်ငန်းမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပြီး ပြည်သူတစ်ရပ်လုံးကို စိတ်ချမ်းသာပျော်ရွှင်ဖို့နဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်များကို အချိန်မီသိရှိစေဖို့အတွက် ဖျော်ဖြေပေးရန်၊ ပညာပေးရန်နဲ့ ပြန်ကြားပေးရန်ဆိုတဲ့ တာဝန်တွေကို အောင်မြင်စွာ ထမ်းဆောင်လာတာ ယခုဆိုရင် (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ဒီကာလအတွင်းမှာ ပြည်သူအားလုံးရဲ့ ချစ်ခင်မှု၊အားပေးမှုကို နှစ်စဉ်နဲ့အမျှ တိုးတက်ရရှိခဲ့ကြောင်း။

## ခေတ်နှင့်လျော်ညီစွာထုတ်လွှင့်

ယင်းကဲ့သို့ အောင်မြင်မှုရရှိနေခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ စစ်သည်၊ ဝန်ထမ်းတွေရဲ့ ကြိုးစားအားထုတ်မှုအပြင် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနဲ့ ပုဂ္ဂလိကမီဒီယာများရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်လဲ ဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ ရရှိထားတဲ့ အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်နဲ့ပြည်သူတွေကို အကျိုးပြုတဲ့အစီအစဉ်တွေကို ခေတ်နဲ့လျော်ညီစွာ ထုတ်လွှင့်သွားနိုင်အောင် ကြိုးစားဆောင်ရွက်ဖို့ လိုအပ်ကြောင်း။

ဒီကနေ့ ဆုချီးမြှင့်ခြင်းခံရတဲ့ စစ်သည်၊ ဝန်ထမ်းတွေဟာ တစ်နှစ်အတွင်း ကြိုးစားအားထုတ်ခဲ့တဲ့အတွက် ရရှိလာတဲ့ရလဒ်အဖြစ် ထိုက်တန်စွာ ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း၊ ဆုရရှိသူများသည် ဂုဏ်ယူစိတ်နဲ့ လုပ်ငန်းတွေကို ပိုမိုကြိုးစားဖို့လိုအပ်သလို ကျန်သည့် စစ်သည်၊ ဝန်ထမ်းတွေကလဲ ဆက်လက်ကြိုးစားရင်း မြဝတီရုပ်မြင်သံကြား ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

❐ မီဒီယာများတွင် ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနဲ့ ပညာပေးမှုမှာ အထိရောက်ဆုံး ဆောင်ရွက်နိုင်တဲ့ လူထုဆက်သွယ်ရေး လုပ်ငန်းဖြစ်၊

❐ အဲဒီထဲမှာမှ ရုပ်မြင်သံကြားသည် လူထုပရိသတ်နဲ့ အရင်းအနှီးဆုံး မီဒီယာဖြစ်၊ အထိရောက်ဆုံးလည်း ဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး စက်မှုဆိုင်ရာ ချီးမြှင့်ငွေများကို စက်မှုဌာနမှ ဗိုလ်ကြီးတင်ဝင်းထံ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ တပ်ကြပ်ကြီး(အစားခန့်) သီတာမိုမိုလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အကောင်းဆုံး တည်းဖြတ်ဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) ဥမ္မာမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မဟာတေဇမုနိစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

* မဟာတေဇမုနိစေတီတော်မှ

ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သာသနာ့အလံကိုင်အဖွဲ့၊ ဒေဝါဝင်း၊ ရာဇာဝင်း၊ မင်္ဂလာစည်တော်အဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ထူးမခြားနား ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ သီချင်းခန့်ကြီးဖြင့် သီဆိုပူဇော်ကာ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရူနှင့် အောင်စည်အောင်မောင်း ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

## ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ငှက်မြတ်နားတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထံမှ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီးနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

## ချီးမြှင့်တော်မူ

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ကြီးအား စိန်ဖူးတော်၊ စေတိယ၊ စေတိယသမ္ဘာရ၊ စေတိယပရိဝါရ၊ စေတီယင်္ဂဏ၊ စေတိယပါကာရ၊ စေတီယသမ္ဗဒ္ဓ၊ စေတီယဝတ္ထုကံမြေများနှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ဝတ္ထု ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ငှက်မြတ်နားတော်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား သာသနာ့အောင်လံတော်၊ ရွှေကြာသင်္ကန်းတော်၊ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချ

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိက အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ဟောကြားချီးမြှင့်တော်မူကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးနှင့် ဧည့်ပရိသတ်တို့က နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဝင်းသန်းက တပ်မတော်(လေ) မြလေးယာဉ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ စိန်ဖူးတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၊ စေတီတော်တည်ဆောက်ရေး ဗိသုကာပညာရှင်၊ ဒီဇိုင်းပညာရှင်၊ တည်ဆောက်ရေး အင်ဂျင်နီယာများ၊ ပန်းချီပညာရှင်၊ ထီးတော်ပညာရှင်၊ ကြေးသွန်းပညာရှင်၊ မြန်မာမှုပညာရှင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဗိသုကာပညာရှင်များကိုယ်စား ဗိသုကာပညာရှင် ဒေါက်တာလှသန်းက မဟာတေဇမုနိ စေတီတော်ကို မူလဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ဆက်လက်၍ မဟာတေဇမုနိ စေတီတော် ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်က စေတီတော်တည်ဆောက်ရာတွင် မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန်အတွက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တောင်းပန်လွှာကို တိုင်ကြားသည်။

## ရွှေထီးတော်တင်လှူ

ထို့နောက် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရွှေကြာသင်္ကန်းတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က စေတီတော်ထီးတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ပန်းကလာပ်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက သာသနာ့အောင်လံတော်ကိုလည်းကောင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များက ရွှေကြာသင်္ကန်းတော်ကြီးနှင့် ရွှေကြာသင်္ကန်းများ၊ ဌာပနာပစ္စည်းများ၊ အရံစေတီတော်များ၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်များကိုလည်းကောင်း အသီးသီး ပင့်ဆောင်၍ သာသနာ့အလံကိုင်အဖွဲ့များ၊ ဒေဝါဝင်း၊ ရာဇာဝင်းများနှင့်အတူ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။ ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က သီဆိုပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မဟာမင်္ဂလာမော်ကွန်းစာကို ဖတ်ကြားပြီး မင်္ဂလာအချိန်ဖြစ်သည့် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဝင်းသန်း ဦးဆောင်သောအဖွဲ့က စေတီတော်အထွတ်ရှိ အထက်ဌာပနာတော်တိုက်ကို ဌာပနာတော်များ သွင်းလှူပူဇော်ပေးကြသည်။

ထိုအချိန်တွင် ပရိသတ်တို့က ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာ နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

## ရွှေထီးတော်ဘုံဆင့်များတင်လှူ

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတို့က ငှက်မြတ်နားတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပေးပြီး စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ဆက်လက်ပင့်ဆောင်ကြသည်။ ထိုအချိန်တွင် စေတီတော်အထွတ်၌ အသင့်ပြင်ဆင်ထားပြီးဖြစ်သော ရွှေထီးတော်ဘုံဆင့်များကို တာဝန်ရှိသူများက တင်လှူပူဇော်ကြပြီး အရံစေတီတော်များ၏ ထီးတော်များကို ရတနာပန်းတောင်းဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်ကြီးတို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး တာဝန်ရှိသူများက စိန်ဖူးတော်ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။

ထိုအချိန်တွင် အရံစေတီတော်များ၏ ထီးတော်များကို ရတနာပန်းတောင်းဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ယင်းသို့ ပင့်ဆောင်တင်လှူပူဇော်နေချိန်တွင် အဆိုတော် ဦးထွန်းရွှေနှင့် မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများဖြင့် သီဆိုပူဇော်ကြသည်။

## အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးတို့က စေတီတော်ထီးတော်ရှိ စိန်ဖူးတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပေးသည်။ ထိုအချိန်တွင် ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာတော် နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတို့က စေတီတော်အထွတ်၌ သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်ပြီး စေတီတော်အထွတ် ငှက်ပျောဖူး၌ ရွှေကြာသင်္ကန်းကို ကပ်လှူပူဇော်သည်။

ထို့နောက် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း

နယ် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန် ဘောဂဝတီ
းကိုးကွယ်သည့် မဟာတေဇမုနိစေတီတော်အား
(သတင်းစဉ်)

) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း
ာ်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ပန်းကလာပ်ကို
တ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊
မှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ငှက်မြတ်နား
ိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက သာသနာ့အောင်လံ
ာပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲ
ရွှေကြာသင်္ကန်းတော်ကြီးနှင့် ရွှေကြာသင်္ကန်းများ၊
စေတီတော်များ၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်
းကောင်း အသီးသီး ပင့်ဆောင်၍ သာသနာ့အလံကိုင်
ရာဇဝင်းများနှင့်အတူ စေတီတော်မြတ်ကြီးအား
ပူဇော်ကြပြီး မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်
မင်္ဂလာစည်တော်အဖွဲ့က သီဆိုပူဇော်ကြသည်။
မ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီး
ရေးမှူး ဦးစံသင်းလှိုင်က မဟာမင်္ဂလာမော်ကွန်းစာကို
ချိန်ဖြစ်သည့် နံနက် ၈ နာရီ ၁၀ မိနစ်တွင်
မှ ဗိုလ်မှူးချုပ်ဝင်းသန်း ဦးဆောင်သောအဖွဲ့က
တက်ဌာပနာတော်တိုက်ကို ဌာပနာတော်များ သွင်းလှူ

ိုသတ်တို့က ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော
သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

**ှထီးတော်ဘုံဆင့်များတင်လှူ**

ွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယ
 တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတို့က ငှက်မြတ်နား
ပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်း
အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ဆက်လက်ပင့်ဆောင်
 စေတီတော်အထွတ်၌ အသင့်ပြင်ဆင်ထားပြီးဖြစ်
င့်များကို တာဝန်ရှိသူများက တင်လှူပူဇော်ကြပြီး
ထီးတော်များကို ရတနာပန်းတောင်းဖြင့် ပင့်ဆောင်

င်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယ
 အဖွဲ့ဝင်များ၊ အလှူရှင်များက စိန်ဖူးတော်၊ သာသနာ့
ာသင်္ကန်းတော်ကြီးတို့ကို မင်္ဂလာရထားပျံဖြင့် စေတီ
ဆောင်ကြပြီး တာဝန်ရှိသူများက စိန်ဖူးတော်ကို
င်လှူပူဇော်ကြသည်။
အရံစေတီတော်များ၏ ထီးတော်များကို ရတနာ
ာင်တင်လှူပူဇော်ကြသည်။
ာင်တင်လှူပူဇော်နေချိန်တွင် အဆိုတော် ဦးထွန်းရွှေ
အဖွဲ့က မင်္ဂလာစည်တော်သံများဖြင့် သီဆိုပူဇော်

**အမွှေးနံ့သာရည်ပက်ဖျန်း**

းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဒုတိယ
က စေတီတော်ထီးတော်ရှိ စိန်ဖူးတော်ကို အမွှေးနံ့သာ
ပေးသည်။ ထိုအချိန်တွင် ဆရာတော် သံဃာတော်
ယမင်္ဂလာဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်
ို ပူဇော်ကြသည်။
ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး
ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတို့က စေတီတော်အထွတ်၌
ကို လွှင့်ထူပူဇော်ပြီး စေတီတော်အထွတ် ငှက်ပျောဖူး၌
လှူပူဇော်သည်။
တ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို
ပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း

မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရာနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။ ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က အောင်စေပိုင်စေသီချင်းဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် စေတီတော်ရင်ပြင်ရှိ တံခွန်တိုင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက တံခွန်တိုင်အနီး၌ နေရာယူကြပြီးနောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တံခွန်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များက တံခွန်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ထိုအချိန်တွင် ပရိသတ်များက ဇယမင်္ဂလာဗောဓိယာမူလေ အစချီသည့် အောင်ဂါထာတော် နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မဟာတေဇမုနိစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များက စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှစ်ဆူတို့အား ရွှေကြာသင်္ကန်း၊ မြသပိတ်တော်၊ ဆွမ်း၊ သစ်သီး၊ ပန်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များထံ တံခွန်၊ ကုက္ကားစသည်တို့ကို ဆက်ကပ်ကြသည်။

ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များက မဟာတေဇမုနိစေတီတော်နှင့် စေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မဟာတေဇမုနိစေတီတော်ရှိ တံခွန်တိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ဆရာတော် သံဃာတော်များက မဟာတေဇမုနိစေတီတော် ပရိဝုဏ်အတွင်းရှိ နဂါးရုံ မုစလိန္ဒာ ရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဝေနေယျသတ္တဝါ အပေါင်းတို့အား အမျှပေးဝေပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာအချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဗောဓိပင်စိုက်ပျိုးခြင်း အခမ်းအနားကို ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဗောဓိပင်စိုက်ပျိုးမည့်နေရာသို့ ရောက်ရှိနေရာယူကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်ပရိသတ်တို့က မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ဗောဓိပင်စိုက်ပျိုးခြင်း အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အလှူရှင် ဦးကျော်ညွှန့်တို့သည် မင်္ဂလာအချိန်တွင် ဗောဓိပင်ကို စိုက်ပျိုးပေးပြီး ဗောဓိပင်များကို ရေစင်ရေသန့် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ရာ ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော အောင်ဂါထာတော် နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။

မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးရာ မင်္ဂလာစည်တော်အဖွဲ့က အောင်စေပိုင်စေဖြင့် သီဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာ ၄၅ ပါးတို့အား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၄-၄-၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈:၀၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၂၀ | ၈။ | ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ (ပဲခူးတိုင်း) |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | Grammar Made Easy. |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | Practice in Reading. |
| ၄:၄၀ | ၄။ | တေးဂီတအစီအစဉ် |
| ၄:၅၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၅:၀၅ | ၆။ | အကပဒေသာ |
| ၅:၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၅:၂၅ | ၈။ | မြန်မာစာ၊မြန်မာစကား |
| ၅:၃၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ |
| ၅:၄၀ | ၁၀။ | "စည်းကမ်းလိုက်နာ ဘေးကင်းမှာ"(ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး(ဝ/သ) ရန်ကုန်] |
| ၅:၅၀ | ၁၁။ | တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၆:၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၄။ | စက်မှုစွမ်းအားခေတ်ကျော်လွှား |
| ၆:၄၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၇:၀၀ | ၁၆။ | မြန်မာမှုပန်းဆယ်မျိုး(ပန်းတမော့) |
| ၇:၀၅ | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း–၅)** |
| ၈:၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း–၇)** |
| | ၂၂။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

● **တိဘက်မှ**

အားကစားပွဲများကို ကျင်းပသွားရန် တာဝန်ရှိသူများက စီစဉ်လျက်ရှိသည်။

**တားဆီးကာကွယ်နိုင်**

ရှည်လျားသည့် အမွေးအမှင်ရှိသည့် တိဘက်နွားများသည် ကမ္ဘာပေါ်တွင် အရှားပါးဆုံးတိရစ္ဆာန်စာရင်းဝင် သတ္တဝါတစ်မျိုးဖြစ်ပြီး တရုတ်နိုင်ငံ တိဘက်ဒေသတွင်လည်းကောင်း၊ အာရှအလယ်ပိုင်းဒေသ၏ ဟိမဝန္တာတောင်တန်းနယ်မြေများတွင်လည်းကောင်း တွေ့ရှိနိုင်သည်။ မျက်မှောက်ကာလတွင် တိဘက်နွားကောင်ရေမှာ ၄၅၀၀၀၀ ခန့်အထိ သာလျှင် ရှိတော့ရာ တိဘက်နွားများဖြင့် ဂူလီရိုက်ကစားသည့် အားကစားနည်းတစ်မျိုးကို တီထွင်ဖော်ထုတ်ခြင်းဖြင့် ယင်းတိရစ္ဆာန်မျိုး ယုတ်လျော့ကျဆင်းနေရမှုကို တားဆီးကာကွယ်နိုင်မည်ဟု မွန်ဂိုလီးယား တာဝန်ရှိသူများက ပြောကြားသည်။

**စိတ်ဝင်တစားကြည့်ရှုလို**

တိဘက်နွားအသုံးပြုသော ဂူလီရိုက်ကစားနည်းကို မကြာသေးမီက စမ်းသပ်ခဲ့ရာတွင် အောင်မြင်မှုရရှိသည်ဆို၏။ ပင်လယ်ရပ်ခြားနိုင်ငံများမှ ခရီးသည်များသည် တိဘက်နွားများကို စိတ်ဝင်တစားကြည့်ရှုလိုကြကြောင်း မွန်ဂိုလီးယားတာဝန်ရှိသူများက ပြောကြားသည်။

တိဘက်နွားများသည် ဘာသာဘာဝအားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၈၀၀ ထက်မနည်း မြင့်မားသော နေရာဒေသများတွင် ကျက်စားနေထိုင်ကြသည်။ တိဘက်နွားများကို ဝန်စည်စလယ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ပြီး တိဘက်နွားမွေးမြူရေးလုပ်ငန်းများ ခေတ်စားလာလျက်ရှိသည်။

ဘူလ်ဂေးရီးယားနိုင်ငံမှ သတ္တဗေဒပညာရှင်များသည် တိဘက်နွားသုတေသနလုပ်ငန်း ပြုလုပ်နိုင်ရန် မွန်ဂိုလီးယားနိုင်ငံမှ တိဘက်နွားအချို့ကို ဝယ်ယူတင်သွင်းခဲ့သည်။

ဂူလီရိုက်ကစားနည်း (ပိုလိုကစားနည်း)သည် ကမ္ဘာပေါ်၌ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ခန့်ကပင်လျှင် ပေါ်ပေါက်ခဲ့သည်။ ဂူလီရိုက်ကစားနည်းတွင် မြင်းများ၊ ဆင်များ၊ စက်ဘီးများနှင့် ကုလားအုတ်များကို အသုံးပြုခဲ့ကြသော်လည်း တိဘက်နွားများကို အသုံးပြုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

**အင်တာနက်။**

**အာရှအလယ်ပိုင်းဒေသတွင် တွေ့ရှိရသော တိဘက်နွားများကို ဝန်စည်စလယ် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၌ အသုံးပြုစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ဘဝအလှကိုပြုစု မူးယစ်ဆေးဝါး မျက်ကွယ်ပြု

## ❀ သန်လျင်မြို့မှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့နှင့်အတူ အဆိုပါ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့်နေရာသို့ နံနက် ၆ နာရီခွဲတွင် ရောက်ရှိကြသည်။

ထို့နောက် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီ ရုံးခန်း၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(အငြိမ်းစား) က သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရန် မြေနေရာရရှိမှု၊ တည်ဆောက်ရေး အတွက် ကော်မတီများဖွဲ့စည်းမှု၊ မြေသန့်မင်္ဂလာဆောင်ရွက်မှု၊ ပန္နက်တော်တင် မင်္ဂလာ အခမ်းအနားဆောင်ရွက်မှုနှင့် အလှူငွေရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နံနက် ၇ နာရီတွင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့်နေရာ၌ ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ သန်လျင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက အုတ်မြစ်တော်စီမည့်နေရာ၌ နေရာယူကြပြီး အခမ်းအနားမှူး ရန်ကုန်တောင်ပိုင်းခရိုင် သာသနာရေးဦးစီးမှူး ဦးကျော်လှိုင်က ဒေဝနိမန္တနဂါထာကိုရွတ်ဆို၍ နတ်ဗြဟ္မာများအား ပင့်ဖိတ်သည်။

ယင်းနောက် အခမ်းအနားမှူးက မင်္ဂလာအခါတော် ကြေညာသည်နှင့် တစ်ပြိုင်တည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော်အလယ်ဗဟို၌ နဝရတ်ကိုးပါးစီခြယ်ထားသော ရတနာရွှေကြုတ်တော်ကို ထည့်သွင်းမြှုပ်နှံပေးပြီး ယင်းအပေါ်၌ ပတ္တမြားရတနာအုတ်ကို ဖုံးအုပ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိန်ရတနာအုတ်ကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက မိမိတို့ နေ့နံအလိုက် ရတနာအုတ်များကိုလည်းကောင်း အသီးသီးထည့်သွင်းပေးကြသည်။

ထို့နောက် အခမ်းအနားမှူးက မော်ကွန်းကမ္ပည်းစာတမ်းကို ဖတ်ကြားပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မော်ကွန်းကမ္ပည်းကျောက်စာကို အုတ်မြစ်တော်အလယ်ဗဟို၌ ဖုံးအုပ်ပေးသည်။

ယင်းနောက် အခမ်းအနားမှူးက ဒေဝေါကာ သကရဏဂါထာကို ရွတ်ဆိုပြီး ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် သာသနာ့ဗိမာန်တော်ကြီးဆောက်လုပ်မည့်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ အလှူရှင်များဖြစ်ကြသောသန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် အောင်သီရိလမ်းနေ သီရိသုမေ္ဓသီဂီဆရာမကြီးဒေါ်အေးအေးခန့်မိသားစုက ကွယ်လွန်သူမိဘများအား ရည်စူး၍ ငွေကျပ်သိန်း၁၁၀၊ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးခင်ဇော်-ဒေါ်ကြီးခင် မိသားစုက ငွေကျပ်၁၀၁သိန်း၊ သန်လျင်မြို့ မြို့မတောင်ရပ်ကွက်ဖို့မြေလမ်းနေ ဦးအောင်သန်းဦး-ဒေါ်အေးမြင့် မိသားစု (ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေး)က ငွေကျပ်သိန်း၅၀၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ဇာတ်ရုံလမ်းနေ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် မိသားစုက ငွေကျပ်၃၆သိန်း၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် မြို့မလမ်းနေ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းကြိုင် (နီလာမင်းရွှေဆိုင်)မိသားစုကငွေကျပ်သိန်း၃၀၊ ရန်ကုန်မြို့ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစု (ရွှေနဂါးမင်း ကုမ္ပဏီ)၊ သန်လျင်မြို့ အမှုထမ်းရပ်ကွက်ရွှေဝါလမ်းနေ ဦးသန်းထွဋ်-ဒေါ်မိုးမိုးသင်း မိသားစုနှင့် သန်လျင်မြို့ စားအုန်းဆီကုန်သည်ကြီးများအသင်းတို့က ငွေကျပ်သိန်း ၂၀ စီကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ အလှူရှင်များဖြစ်ကြသော သန်လျင်မြို့မှ ဆရာတော် ဘဒ္ဒန္တတေဇ အမှူးပြုသော အောင်ချမ်းသာရပ်ကွက် သုမ္မောသံဃနာယကအဖွဲ့က ငွေကျပ်၁၅သိန်း၊ ရန်ကုန်မြို့နေ ဦးအိုက်ဖုန်း-ဒေါ်နန်းအိစောင် မိသားစုက ငွေကျပ်၁၂၆၀၀၀၀၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ကောင်စီလမ်းနေ ဦးကြင်ဟုတ်-ဒေါ်တင်မာဆွေ မိသားစု၊ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးမြင့်သန်း-ဒေါ်သက်မာမိသားစုနှင့် သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သတိပဋ္ဌာန်လမ်းနေ ဦးအောင်ကျော်ဝင်း-ဒေါ်မြသီတာဦး မိသားစုတို့က ငွေကျပ်၁၂သိန်းစီ၊ သန်လျင်မြို့ ပဲခူးစုရပ်ကွက် လူထုလမ်းနေ ဦးခင်စိုး-ဒေါ်သိန်းရီ မိသားစုက ငွေကျပ်၁၀၅၀၀၀၀၊ သန်လျင်မြို့ ပဲခူးစုရပ်ကွက် ရုံးတော်ကွက် ဗညားဦးလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (အငြိမ်းစား)-ဒေါ်တင်တင်မိသားစုနှင့် သန်လျင်မြို့ အမှုထမ်းရပ်ကွက် ဓမ္မရောင်ခြည်ကျောင်းလမ်းနေ ဦးခင်ဝင်း-ဒေါ်တင်ဆန်း မိသားစုတို့က ငွေကျပ် ၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ သန်လျင်မြို့ အမှုထမ်းရပ်ကွက် မဇ္ဈူလမ်းနေ ဦးစိုးမြင့်သိန်း-ဒေါ်အေးအေးမြင့်မိသားစု၊ သန်လျင်မြို့ အမှုထမ်းရပ်ကွက် ကျိုက်ခေါက် ဘုရားလမ်းနေ ဦးအောင်သန်းဦး၊ ဦးတင်မြနှင့် ဦးသန်းဝင်း(မြရွှေဝါဆန်စက်)၊ သန်လျင်မြို့ အမှုထမ်းရပ်ကွက် ကျိုက်ခေါက် ဘုရားလမ်းနေ ဦးတင်မြ-ဒေါ်ခင်မိမိကျော် မိသားစု၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ဇာတ်ရုံလမ်းနေ ဒေါ်သန်းရွှေ အထည်ဆိုင် သားသမီးမြေးမြစ်တစ်စု၊ သန်လျင်မြို့ မြို့မဈေးကြီး အနောက်ဘက်တန်းနေ ဦးကျော်ဆွေ-ဒေါ်မြမြအေး၊ သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် ကျိုက်ခေါက် ဘုရားလမ်းနေ ဦးသန်းဆွေ-ဒေါ်ခင်အေးမူ မိသားစု(ပွင့်မြန်မာထမင်းဆိုင်)၊ သန်လျင်မြို့ မြို့မဈေးကြီးနေ ဦးဖုန်းဇော်-ဒေါ်အေးအေးပြုံး မိသားစု၊ သန်လျင်မြို့ မြို့သစ်အလယ်ရပ်ကွက် သူရလမ်းနေ ဦးသန်းဝင်း-ဒေါ်ရှုအင်မိသားစု၊ သန်လျင်မြို့ သူဌေးကွင်း၊ ကရင်ဆိပ်ဘော့သပြေကန်၊ စစ်ပင်ကွင်းနှင့် ဘယက်ကျေးရွာများမှ ကျေးရွာသံဃနာယကအဖွဲ့များနှင့် သန်လျင်မြို့ အမှုထမ်းရပ်ကွက် သမဝါယမဒီဂရီကောလိပ်လမ်းနေ ဦးစိုးမောင်-ဒေါ်သူဇာတင် မိသားစုတို့က ငွေကျပ်၁၀သိန်းစီကို ပေးအပ်လှူဒါန်းကြရာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သန်လျင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဦးထံ အလှူရှင်များဖြစ်ကြသော သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဦးဟုတ်ရွှေ-ဒေါ်ကျင်ထွေး(ရွှေမိသားစု)နှင့် သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးချင်းကား-ဒေါ်နှင်းကြည် မိသားစုတို့က ငွေကျပ်၁၀သိန်းစီ၊ သန်လျင်မြို့ အမှုထမ်းရပ်ကွက် ဘောဂလမ်းနေ ဦးထွန်းမြင့်-ဒေါ်မေရီခင် (ရူဝံရေသန့်မိသားစု)က ငွေကျပ် ခုနစ်သိန်း၊ သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးကြည်မင်း (P.A.G Co Ltd)နှင့်သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဒေါ်ရှုအိမ်(လမြတ်စတိုး)မိသားစုတို့က ငွေကျပ်ခြောက်သိန်းစီ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဦးတင်ဝင်း(ဥက္ကဋ္ဌ) မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြို့သစ်အနောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးမြင့်စိုး-ဒေါ်သန်းသန်းထိုက်မိသားစု၊ မြို့သစ်အနောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးမြင့်ထူး (တတိယမျက်လုံး)-ဒေါ်တင်တင်ဝင်း မိသားစု၊ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးကျင်မြောက်-ဒေါ်ညွန့်ညွန့်သောင်း မိသားစု(လင်းစေတမန်ဓမ္မဒါနစာပေ)နှင့် သန်လျင်မြို့ မြို့သစ်နောက်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးကျင်မောင်-ဒေါ်ညွန့်ရီ မိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ အလှူရှင်များဖြစ်ကြသော ပဲခူးစုရပ်ကွက် သာခုလမ်းနေ ဦးမိုးကုတ်-ဒေါ်ခင်လှိုင်မိသားစု၊ မြို့မလမ်းနေ ဦးကြီးရင် မိသားစု(မြို့မသုခဆေးတိုက်)နှင့် ဦးမြင့်ဦး (နေလဆောက်လုပ်ရေး)တို့က ငွေကျပ်ငါးသိန်းစီ၊ ရန်ကုန်မြို့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်၊ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ သူဌေးကွင်းကျေးရွာနေ ဦးသန်းအေး-ဒေါ်ဝင်းကြည် မိသားစု (သီရိရတနာဆန်စက်)၊ မင်းတန်းလမ်းနေ ဦးတင်ရှန်-ဒေါ်အေး၊ ဦးမောင်မောင်မြင့်-မမိမိသွယ် မိသားစု၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးအေးလွင်-ဒေါ်ခင်နွဲ့ မိသားစုနှင့် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးမြင့်သိန်း-ဒေါ်မွှေးမွှေး မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ရန်ကုန်တောင်ပိုင်းခရိုင် (မထသ)အောက်ရှိ ကျောင်းကြီး/ပို့မော်တော်ယာဉ်ပိုင်ရှင်များ၊ ဦးအောင်ဇေယျလမ်းနေ ဦးတင်ရှိန်-ဒေါ်တင်တင်ရှိန် မိသားစု၊ ဝိဇ္ဇာလမ်းနေ ဒေါ်ထားကြည် မိသားစု၊ သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာသူ/ကျေးရွာသားများကောင်းမှု၊ ဦးဘအိုလမ်းနေ ရာဇသောက်ရေသန့် မိသားစု၊ တောင်ဒဂုံစက်မှုဇုန်(၂) သံလွင်လမ်းသွယ်နေ ဦးတင်စိုး(ဘဝလှမုန့်မျိုးစုံလုပ်ငန်း)၊ ဗိုလ်မှူးမြင့်အေး(အငြိမ်းစား)-ဒေါ်သက်သက်ဦး မိသားစုနှင့် ဦးမောင်ငယ်-ဒေါ်ခင်အေး မိသားစုတို့က ငွေကျပ်နှစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အလှူရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၇၀၂၈၀၆၄၀ ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရတနာရွှေကြုတ်တော်ကို ထည့်သွင်းမြှုပ်နှံပေးစဉ်။ (သတင်းစဉ်)

## ဥက္ကလာပစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော် ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ရန် ဖိတ်ခေါ်

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်တွင် ၁၉၈၉ခုနှစ်၌စတင်တည်ထားကိုးကွယ်ခဲ့သော ဥက္ကလာပစေတီတော်ကြီး၏ စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်တို့အား ပြန်လည်ပြုပြင်ရန်နှင့် ထီးတော်ကြီးကြံ့ခိုင်မှုရှိစေရန်ပြင်ဆင်ခြင်း၊ ပန်းလည်တိုင်အသစ် ပြန်လည်တပ်ဆင်ခြင်း၊ ထီးတော်မှခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ၂၀၀၆ခုနှစ် ဇန်နဝါရီလမှစ၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် ထီးတော်ကြီးအား ကြံ့ခိုင်မှုများစစ်ဆေးပြုပြင်ပြီး ကြေးဝန်းငါးဆင့် ရွှေသင်္ကန်းကပ်လှူရန်နှင့် ပန်းလည်တိုင်၊ငှက်မြတ်နားတော်၊စိန်ဖူးတော်တို့ကို ပြန်လည်ပြုပြင်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဥက္ကလာပစေတီတော်ကြီး၏ သက်တမ်း ၁၆ နှစ်အကြာ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြသည်။(သတင်းစဉ်)

Royal Gold ဆပ်ပြာ အရောင်းမြှင့်တင်ရေးနှင့် ဖျော်ဖြေပွဲအခမ်းအနားကို Excel Shopping Mall ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## Royal Gold ဆပ်ပြာ အရောင်းမြှင့်တင်ရေးနှင့် ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၃**

Royal Gold ဆပ်ပြာအရောင်းမြှင့်တင်ရေးနှင့် ဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင် မီးပွိုင့်အနီးရှိ Excel Shopping Mall ၌ ကျင်းပသည်။

အရောင်းမြှင့်တင်ရေးပွဲတွင် R ဇာနည်၊ ကောင်းဆက်၊ L ဆိုင်းဇီ၊ ကြိုးကြာ၊ ခင်ဘုဏ်း၊ ရတနာမိုင်၊ ပေရယ်မွန်း၊ The Tree Band၊ မေတ္တာ၊ ပေါ်လေး၊ Talents & Models အဖွဲ့တို့နှင့်အတူ Royal Goldဆပ်ပြာ၏ ပျော်ရွှင်ဖွယ် Game ကစားပြီး ပါဝင်ဆင်နွှဲသူများအား မေတ္တာလက်ဆောင်များ ပေးအပ်ကာ အမှတ်တရ လက်မှတ်ရေးထိုးပေးကြသည်။

Royal Gold ဆပ်ပြာသည် အရောင်ခြောက်မျိုးဖြင့် ထုတ်လုပ်ထားပြီး အရောင်တစ်မျိုးစီတွင် ထူးခြားသည့် စွမ်းရည်များပါရှိသည်။ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားပြီး Luxury အမျိုးအစား စာရင်းဝင် ဆပ်ပြာတစ်မျိုးအဖြစ် မိသားစုတိုင်း အသုံးပြုနိုင်သည်။ သဘာဝအော်ဂဲနစ်ပစ္စည်းများနှင့် ဗီတာမင်(E) ပါဝင်သဖြင့် အသားအရေဖြူဖွေးနူးညံ့ခြင်း၊ စိုပြည်ခြင်းနှင့် အသားအရေပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ Royal Gold ဆပ်ပြာသည် အလေးချိန် ၈၀ ဂရမ်ရှိပြီး အသားအရေကို နူးညံ့ချောမွတ်စေ၍ ကြာရှည်အသုံးခံခြင်း၊ နူးညံ့သော ဆပ်ပြာမြှုပ်၊ ထူးခြားသော ခံစားမှု၊ ကွဲပြားသော ရေမွှေးနံ့များ ရှိခြင်းကြောင့် ပြပွဲလာပရိသတ်များ နှစ်သက်စွာ ဝယ်ယူအားပေးကြသည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၄-၂၀၀၆)

| | |
|---|---|
| ရေး | ဝဒသမ ၉၉လက်မ |
| ကိုကိုးကျွန်း | ဝဒသမ ၈၇လက်မ |
| ထားဝယ် | ဝဒသမ ၅၆လက်မ |

❍ စာမျက်နှာ ၇ မှ

ဒီနေ့အခမ်းအနားတွင် မြဝတီစာပေတိုက်က နှစ်စဉ်ကျင်းပပေးနေတဲ့ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနဲ့ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတို့မှာ ဖော်ပြခဲ့တဲ့ တစ်နှစ်အတွင်း အကောင်းဆုံး ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း ဆုများကိုလည်း ချီးမြှင့်ပေးအပ်သွားမှာ ဖြစ်ကြောင်း။

## သြဇာကြီးမား

စာပေအနုပညာဟာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ သြဇာအရှိန်အဝါ ကြီးမားလှကြောင်း၊ ဒါကြောင့် စာပေအနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြဝတီစာပေတိုက်ဟာ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွင်း အရည်အသွေးတောက်ပြောင်တဲ့ ပညာရှင်များကို ယခုလို စာပေနဲ့ ဓာတ်ပုံဆိုင်ရာဆုများ နှစ်စဉ်ချီးမြှင့်ပေးအပ်နေခြင်းပင်ဖြစ်ကြောင်း။

၁၉၅၂ ခုနှစ် နိုဝင်ဘာလမှာ စတင်တည်ထောင်ခဲ့တဲ့ မြဝတီစာပေတိုက်ဟာ ယခုဆိုရင် သက်တမ်း(၅၃)နှစ် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ မြဝတီမဂ္ဂဇင်းကို စတင်ထုတ်ဝေစဉ်ကတည်းက ဓာတ်ပုံလက်စွမ်းပြကဏ္ဍအဖြစ် ဓာတ်ပုံပညာရှင်ကြီးများ၏ ဓာတ်ပုံပြိုင်ပွဲကို နှစ်စဉ် ထည့်သွင်းဆောင်ရွက်ခဲ့ခြင်းသည် ထူးခြားတဲ့ ဝိသေသတစ်ခုပဲ ဖြစ်ကြောင်း။

မြဝတီစာပေတိုက်အနေနဲ့ လွန်ခဲ့တဲ့ ၄၅ နှစ်ကာလ ၁၉၆၁ ခုနှစ် အောက်တိုဘာလကစပြီး ငွေတာရီမဂ္ဂဇင်းကို လွှဲပြောင်းရယူပြီး ဆက်လက်ထုတ်ဝေခဲ့ကြောင်း၊ ငွေတာရီမဂ္ဂဇင်းအနေနဲ့ မြန်မာစာပေလောကမှာ သက်တမ်းရင့်၊ ဂုဏ်သိက္ခာရှိ မဂ္ဂဇင်းကြီးတစ်စောင်အဖြစ် ဆက်လက်ရှင်သန်နေတာပဲ ဖြစ်ကြောင်း။

မြဝတီနဲ့ ငွေတာရီမဂ္ဂဇင်း နှစ်စောင်စလုံးသည် မြန်မာစာပေလောကမှာ သိက္ခာရှိတဲ့ တန်ဖိုးရှိ မဂ္ဂဇင်းနှစ်စောင်ဖြစ်ပြီး ဝါရင့်စာပေပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့တဲ့ အစဉ်အလာကြီးမားတဲ့ မဂ္ဂဇင်းကြီးများလည်းဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အကောင်းဆုံး ဝတ္ထုရှည်ဆုရ ယုဝတီခင်စိန်လှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အရာရှိအဆင့် ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုရ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီး သိန်းရွှေဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် အီဂျစ်အာရပ်သမ္မတ နိုင်ငံတွင် ကျင်းပခဲ့သည့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ မဆုပန်စင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ ဆုချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့ရဲ့ စာပေနဲ့ ဓာတ်ပုံ အနုပညာအပေါ် တန်ဖိုးထား ကြိုးစားအားထုတ်မှုနဲ့ မြဝတီစာပေတိုက်အပေါ် ထားရှိသည့် သံယောဇဉ်တို့ကြောင့် ယခုလို လေးစားစွာ ဂုဏ်ပြုချီးမြှင့်မှုကို ခံယူရရှိတာဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ဒီကနေ့ကျင်းပတဲ့ အခမ်းအနားမှာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ကျောင်းများမှ နိုင်ငံတော်အဆင့် စာပေဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုများ၊ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲဆုများရရှိသူ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီ ရုပ်မြင်သံကြားမှ စစ်သည်၊ ဝန်ထမ်းများနဲ့ စာပေပညာရှင်များကို ဆုချီးမြှင့်မည့်အပြင် မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်အပေါ် သံယောဇဉ်ကြီးစွာနဲ့ ပံ့ပိုးကူညီခဲ့တဲ့ ပုဂ္ဂိုလ်များကိုပါ ဂုဏ်ပြုမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုသည်မှာ–

- **မြဝတီရုပ်မြင်သံကြားနဲ့ မြဝတီစာပေတိုက်တို့သည် နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးကို သယ်ပိုးရင်း ထက်မြက်မြင့်မားတဲ့ မီဒီယာလုပ်ငန်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက ချမှတ်ပေးထားတဲ့ ရည်မှန်းချက်တာဝန်တွေကို တိတိကျကျလိုက်နာပြီး ဂုဏ်သိက္ခာရှိသည့် မီဒီယာလုပ်ငန်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း**

ဖြင့် မှာကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ် နှစ်ပတ်လည် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ဒုတိယဆုရ မာလာဝင်း(မြစ်သာစည်)၊ တတိယဆုရ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှု)တို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အကောင်းဆုံး ကင်မရာရိုက်ကူးဆုရ ဒုတိယအရာခံဗိုလ်ဇော်မင်းလတ်၊ အကောင်းဆုံးကင်မရာ ရိုက်ကူးဆုရ အရာခံဗိုလ်(အစားခန့်) ရွှေမိုးဦး၊ အကောင်းဆုံး တည်းဖြတ်ဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) ဥမ္မာမြင့်၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ တပ်ကြပ်ကြီး(အစားခန့်)သီတာမိုမိုလွင်၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်)စန်းစန်းထွေး၊ အကောင်းဆုံး အစီအစဉ်မှူးဆုရ တပ်ကြပ်ကြီး(အစားခန့်) သဲနုအေး၊ အကောင်းဆုံး ကွန်ပျူတာကျွမ်းကျင်ဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) ခင်ခင်စန်း၊ အကောင်းဆုံး သတင်းကြေညာသူဆုရ တပ်ကြပ်ကြီး(အစားခန့်) အေးမင်းမင်းကိုနှင့် စက်မှုဆိုင်ရာချီးမြှင့်ငွေများကို စက်မှုဌာနမှ ဗိုလ်ကြီးတင်ဝင်းတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြဝတီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုရ ကာတွန်းအောင်ကျော်၊ အကောင်းဆုံး ကဗျာဆုရ မောင်သော်မော်၊ အကောင်းဆုံး ဝတ္ထုတိုဆုရ သောင်းဝေဦး၊ အကောင်းဆုံး ဝတ္ထုရှည်ဆုရ ရွှေသဥ္ဇာ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကဗျာဆုရ မောင်စောထွန်း(ကျောင်းကုန်း)၊ အကောင်းဆုံး ဝတ္ထုတိုဆုရ ခင်မိုးယံ၊ အကောင်းဆုံး ဝတ္ထုရှည်ဆုရ ယုဝတီခင်စိန်လှိုင်တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲတွင် ဝတ္ထုရှည်ပထမဆုရ မြဝတီစာပေတိုက်မှ ဗိုလ်ကြီးတင်အောင်စိုး၊ ဝတ္ထုတိုပထမဆုရ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ ဗိုလ်ကြီးနေလင်းနှင့် ဝတ္ထုတို ဒုတိယဆုရ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ တပ်ကြပ်ညွှန့်ရင်တို့အားလည်းကောင်း၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီ စစ်ရေးတေးသီချင်းပြိုင်ပွဲတွင် စစ်ရေးတေးဒုတိယဆုရ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်ဝင်းထွန်းနှင့် စစ်ချီတေး ဒုတိယဆုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တေးရေးပြိုင်ပွဲတွင် တတိယဆုရရှိသူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) လေးနိုင်တို့အား လည်းကောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တေးရေးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီးမျိုးဝင်းအား လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အရာခံအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ပထမဆုရ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အရာခံဗိုလ်ကျော်အေး၊ အကြပ် အဆင့်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ပထမဆုရ မြဝတီသတင်းစာတိုက်မှ တပ်ကြပ်ကြီးလှိုင်ဝင်း၊ တပ်သားအဆင့် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲတတိယဆုရအမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းကျောင်းမှ တပ်သားအောင်မင်းထွန်း၊ အရာရှိအဆင့် ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုရ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီး သိန်းရွှေဝင်း၊ တပ်သားအဆင့် ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ တပ်သားဇော်မင်းထွန်းတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးက တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုပြိုင်ပွဲ ဓမ္မပူဇာတေး(ပညာရှင်အဆင့်) ပထမဆုနှင့် ကာလပေါ်တေး(ပညာရှင်အဆင့်) တတိယဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) ယဉ်ယဉ်ထွန်း၊ အကပြိုင်ပွဲ(ဝါသနာရှင်အဆင့်) ဒုတိယဆုရ အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး (အစားခန့်) စန်းစန်းမော်၊ အတီးပြိုင်ပွဲ (နှဲဝါသနာရှင်အဆင့်) တတိယဆုရ အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်မြင့်အောင်၊ အကပြိုင်ပွဲ(၁၀–၁၅နှစ်) ပထမဆုရ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒုံ)မှ အဋ္ဌမတန်းကျောင်းသူ မကြည်နူးပွင့်၊ အဆိုပြိုင်ပွဲ (ကာလပေါ်တေး) တတိယဆုရ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ)မှ အဋ္ဌမတန်းကျောင်းသူ မနန်းရွှန်းအိတို့အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အီဂျစ်အာရပ်သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ)မှ နဝမတန်းကျောင်းသူ မဆုပန်စင်အားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ စာပေပြိုင်ပွဲတွင် ဆောင်းပါးတတိယဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ အရာခံဗိုလ်စန်းလွင်အားလည်းကောင်း၊ (၄၅)နှစ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆောင်းပါးဒုတိယဆုရ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) သက်ဦး အားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များအားလည်းကောင်း၊ မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ ခြံစည်းရိုးကြက်ဆူပင် စံပြမျိုးခင်းလေ့လာ

**နေပြည်တော် ဧပြီ ၂၃**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ စိုက်ပျိုးရေးလုပ်ငန်းလေ့လာရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် စံပြ မျိုးသန့်မျိုးပွားပျိုးခင်း အမှတ်(၁)သို့ ရောက်ရှိပြီး တိုက်ရိုက်အစေ့ချ စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပျိုးပင် တစ်သိန်းနှစ်သောင်း ပျိုးခင်းသို့လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပျိုးပင် မျိုးသန့်မျိုးပွား ပျိုးခင်း အမှတ်(၂)သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်များနှင့် နေကြာပင်များ သီးညှပ်စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင်၊ နှစ်တို နာနတ်ပင်နှင့် နှစ်ရှည် လိုက်ချီးပင် မျိုးသန့်မျိုးပွား သုတေသန သီးညှပ်စိုက်ခင်းသို့ လည်းကောင်း၊ ကြက်ဆူပင်၊ နှစ်တို နာနတ်ပင်၊ နှစ်ရှည် ပျားလိမ္မော်ပင်၊ စံပြ (သီးညှပ်) ဧက၁၀၀ စိုက်ခင်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြပြီး ရှင်းလင်းဆောင်တွင် နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်ဝင်းက ကြက်ဆူဆီထုတ်လုပ်ယူရန် ကြက်ဆူဆီအသုံးပြု အင်ဂျင်စက်နှင့် မော်တာသုံး ကြက်ဆူဆီကြိတ်စက်များဖြင့် စနစ်တကျ ကြိတ်ခွဲမည့် အစီအစဉ်များ၊ ကြက်ဆူဆီကို အဆင့်ဆင့်သန့်စင်ပြီး ကျေးလက်သုံး စက်ယန္တရားများ၌ထည့်သွင်းအသုံးပြုနိုင်မှုနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် တိုက်ရိုက်အထောက်အကူပြုနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် လေ့လာရေး အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း၊ အဆိုပါ စိုက်ခင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူ မျိုးသန့်မျိုးပွား ပျိုးဥယျာဉ်သို့ လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀ သုတေသန စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့အထွက်အမှတ် (၁)ကုန်းမြင့်ယာမြေဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ဆင်းရွှေလီအထွက်ကောင်း ခြံစံပြ ဧက ၃၀ စိုက်ခင်းသို့လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်၊ နှစ်တိုနာနတ်ပင်၊ နှစ်ရှည်အုန်းဆန်ပင်၊ စံပြ မျိုးသန့်မျိုးပွား သီးညှပ်စိုက်ခင်းသို့ လည်းကောင်း၊ ဆင်းရွှေလီမွှေး (ဆန်မွှေး) နွေစပါး စံပြ ၁၅ဧက စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့ နားဖကျေးရွာအနီး အမှတ်(၃) ကုန်းမြင့်ယာမြေအတွင်းရှိ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀၀ စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့အထွက် လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစံပြ ၁၀ ဧက စိုက်ခင်းသို့ လည်းကောင်း၊ လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစံပြ ၁၂၁ ဧကစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တိုင်းမှူးက စိုက်ခင်းတာဝန်ခံများအား လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

# ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲနွှဲမည့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့များ ပထမတန်းလက်ဝှေ့ကျော် လုံးချော ပါဝင်ယှဉ်ပြိုင်မည်

**လေ့လာတင်ပြသူ–ဇင်လင်းထွန်း(ခနှဖြူ)**

**ရန်ကုန် ဧပြီ ၂၃**

မြန်မာ့ရိုးရာလက်ဝှေ့သည် ဖွဲ့သတ္တိကိုအရင်းခံကာ ပညာနှင့်သမ္မာပေါ်မူတည်ခဲ့ကြသည်ဟု ပြောရပါမည်။ လက်ဝှေ့ပညာကုံလုံကြွယ်ဝသူ လက်ဝှေ့သမားတစ်ယောက်သည် ၎င်းထက်လူကောင်ကြီးသူ တစ်ယောက်အား မကြောက်မရွံ့ စိန်ခေါ်ထိုးသတ်လေ့ရှိသည်။ ထို့ကြောင့်ပင် "ဘက်တူရင် လူမရွေး"ဟုစင်ပေါ်တက်ကာ ပြိုင်ဘက်ကို စိန်ခေါ်ခဲ့ကြခြင်းဖြစ်သည်။

**ဝိတ်တန်းသတ်မှတ်**

ပညာချင်းတူလာလျှင်မူ ခွန်အားက စကားပြောလာသည်။ လုံးချုပ်ပူးသတ်ရာတွင် လူကောင်ကြီးသူက တစ်ပန်းသာသည်။ လက်သီးထိုးချက် အားချင်းလည်း ကွာလာသည်။ ထို့ကြောင့် ကျွမ်းကျင်မှုသက်သက်မျှသာမဟုတ်ဘဲ ခွန်အားကိုပါ အဓိကအသုံးပြုတိုက်ခိုက်ရသော ရိုးရာလက်ဝှေ့ပညာရပ်အား အားကစားအသွင်ယှဉ်ပြိုင်သည့်အခါ ဝိတ်တန်းသတ်မှတ်ချက်လိုအပ်လာသည်။ အပြည်ပြည်ဆိုင်ရာ ကိုယ်ခံအားကစားလောကသို့ ထိုးဖောက်ဝင်ရောက်မည်ဆိုလျှင်လည်း

**ရွှေခါးပတ်ချန်ပီယံ တံခွန်စိုက်ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် KLN ရိုးရာလက်ဝှေ့အဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျော်ဆန်းအား တွေ့ရစဉ်။**

ဝိတ်တန်းသတ်မှတ်ချက်ဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်ရာ ရိုးရာအားကစားအဖွဲ့ချုပ်သစ် ပြန်လည်ဖွဲ့စည်းပြီးသောအခါ ယင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လာသည်။ ကိုယ်အလေးချိန်တန်းလိုက်ချန်ပီယံများ ပေါ်ထွက်လာခြင်းဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်သည်ဖြစ်စေ၊ ပြည်ပနိုင်ငံများမှ လက်ဝှေ့သမားများကို ဖိတ်ခေါ်ယှဉ်ပြိုင်သည်ဖြစ်စေ၊ သူ့အတန်းနှင့်သူ ယှဉ်ပြိုင်မည့်သူ ရွေးချယ်ပြီးသားလည်းဖြစ်သွားမည်ဖြစ်သည်။

**လုံးချော**

ယခု တတိယအကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲကြီးတွင် ဝိတ်တန်းကိုးတန်း သတ်မှတ်ထားရာ မစ်ဒယ်ဝိတ်တန်းနှင့်အထက် အတန်းက အမြင့်ဆုံးဖြစ်သည်။ ထိုဝိတ်တန်းနှင့် အကျုံးဝင်မည့် ရိုးရာလက်ဝှေ့ကျော်များအား ဖိတ်ခေါ်ထားရာ ပထမတန်းလက်ဝှေ့ကျော် လုံးချော(ညောင်တုန်း) ဝင်ရောက်ယှဉ်ပြိုင်မည်ဟု အကြောင်းပြန်ကြားထားပြီးဖြစ်သည်။

လုံးချောသည် ကိုယ်အလေးချိန် ၁၆၅ ပေါင် (၇၅ကီလို)၊ အရပ် ငါးပေ ၁၀ လက်မရှိပြီး လက်တံ ၆၄ လက်မရှိသည်။ အသက်(၂၉)နှစ်ရှိပြီဖြစ်သော်လည်း ရိုးရာလက်ဝှေ့ပညာကို အပတ်တကုတ် လေ့လာလိုက်စားနေဆဲဖြစ်သည်။ ဒုတိယတန်းလက်ဝှေ့သမား ဘဝက သူရရဲအောင်၊ ကျော်ငြိမ်း၊ စောနန်းအောင် စသော လက်ဝှေ့သမားများနှင့် ထိုးသတ်ခဲ့ဖူးပြီး ပထမတန်းသို့ မကူးမီ ထိန်ချုံး(မြစ်ကြီးနား)၊ အလီ (သထုံ)၊ စောငမန်း(ဘားအံ) တို့နှင့် ထိုးသတ်ခဲ့ဖူးသည်။

**ပထမတန်းလက်ဝှေ့သမား**

၂၀၀၄ ခုနှစ်တွင် မြိတ်မြို့၌ မြို့ခံလက်ဝှေ့ကျော်ဟောင်း ဆရာရေမြွေ၏ စီစဉ်မှုဖြင့် ဝမ်ချိုင်းအား စိန်ခေါ်ထိုးသတ်ခွင့်ရခဲ့သောပွဲသည် လုံးချော၏ ပထမတန်းလက်ဝှေ့သမားဘဝ စတင်သောပွဲဟုဆိုရမည်။ ထိုပွဲတွင် လုံးချော၏ နည်းပြဆရာအဖြစ် ဦးဝင်းဇင်ဦးက ဆောင်ရွက်ခဲ့သည်။

**ရွှေခါးပတ်ချန်ပီယံ**

ဦးဝင်းဇင်ဦး၏ သင်ကြားလေ့ကျင့်ပေးမှုများဖြင့် အယ်ထီးကော်၊ ရွှေရူဝံ၊ သာစည်မောင်မောင်ကြီး၊ စောသဲအောင်၊ စောသဲမျိုး၊ မိုးပုလဲတို့သည် ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံများဖြစ်ခဲ့ကြသည်။ သို့ဖြစ်ရာ လုံးချောသည်လည်း ၎င်းဝိတ်တန်း၌ ရွှေခါးပတ်ချန်ပီယံ ဖြစ်နိုင်သူဟု ယူဆရပေသည်။

**အလဲထိုး**

လုံးချောသည် ပထမတန်းလက်ဝှေ့သမားဘဝကို မြိတ်မြို့တွင် ဝမ်ချိုင်းအား ရှုံးသောပွဲဖြင့် စတင်ခဲ့သော်လည်း ၎င်းနောက် စောငမန်းနှင့် သရေတစ်ပွဲ၊ ဝမ်ချိုင်းအား သရေတစ်ပွဲ၊ အလဲထိုးနှစ်ပွဲ၊ ရွှေဆိုင်းနှင့်သရေ သုံးပွဲ၊ ဂျပန်နိုင်ငံ နာဂါစကီမြို့တွင် အီမာမူရာအား ပထမအချီ၌ အလဲထိုးပွဲ၊ တိုကျိုမြို့တွင် ယာမာအူချီအား တတိယအချီတွင် အလဲထိုးခဲ့သည်။



**၂၀၀၆ခုနှစ် မတ် ၁၇ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် လက်ဝှေ့ပြိုင်ပွဲ၌ မြန်မာ့ရိုးရာလက်ဝှေ့ကျော် လုံးချော(ယာ)က ဂျပန်လက်ဝှေ့ကျော် ယာမာအူချီ(ဝဲ)အား ညာဖြတ်လက်သီးပစ်သွင်းလိုက်စဉ်။** (အဆိုပါပွဲတွင် လုံးချောက တတိယအချီ၌ အလဲထိုးဖြင့် အနိုင်ရခဲ့သည်။)

**သင်ကြားပြသ**

လုံးချောနှင့် ထိုးဘက်ဖြစ်ခဲ့သော ရွှေခါးပတ်ချန်ပီယံဟောင်း ဝမ်ချိုင်းက ယခုပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသော်လည်း ၎င်းနည်းပြဆရာတစ်ပိုင်းအဖြစ် ဆောင်ရွက်နေသော "၉၀၇ – ဒေါနခြေလှမ်းသစ် ရိုးရာလက်ဝှေ့အဖွဲ့"သည် ရွှေခါးပတ်ချန်ပီယံဟောင်း ပသျှူးလေးနည်းပြချုပ်အဖြစ် သင်ကြားပြသလျက် နယ်စပ်လက်ဝှေ့ကျော် ထွန်းထွန်း၊ မောင်ပြုံး၊ ဇော်ဇော်လေး အစရှိသော လက်ဝှေ့သမားတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထို့ပြင် နှစ်ရှည်ဥယျာဉ်ခြံ ရိုးရာလက်ဝှေ့အသင်းလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရှိရသည်။

**ချန်ပီယံဖြစ်နိုင်**

ထိုကဲ့သို့ ရန်ကုန်မြို့သို့ ရောက်လာမည့် လက်ဝှေ့ကျော်များအား သူတင်ကိုယ်တင် ယှဉ်ပြိုင်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရိုးရာလက်ဝှေ့အဖွဲ့များက လေ့ကျင့်လျက်ရှိရာတွင် မြန်မာပြည်သား ရိုးရာလက်ဝှေ့အဖွဲ့လည်း အပါအဝင်ဖြစ်သည်။ ရိုးရာလက်ဝှေ့ပညာ အခြေခံကောင်း၍ ပွဲအတွေ့အကြုံလည်း ကြွယ်ဝနေသော သူရရဲအောင်၊ သိုးကောင်း၊ ကြယ်တစ်ပွင့်၊ မိုက်ခဲကျောက်ပွင့်၊ သားစစ်နိုင်၊ ဇော်ထွေးတို့အား သင်ကြားပြသပေးနေကြသူများမှာ နည်းပြချုပ်အဖြစ် ပီကင်းပြန်ဦးဗိုလ်စိန်၊ နည်းပြဆရာ တွံတေးသန်းလွင်တို့ဖြစ်သည်။ တွံတေးသန်းလွင်သည် သတ်လုံးသတ်ပေါက်လှပပြီး ခြေကန်ကောင်းလှသည့် လက်ဝှေ့ကျော်ကြီးဖြစ်၍ "သန်းလွင်ကို အရမ်းဝင်ရင် ထမ်းစင်နဲ့ပြန်ဆင်းသွားရလိမ့်မယ်" ဟုပင် ပြောစမှတ်တွင်ခဲ့ရသူဖြစ်သည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ကြမည့် မြန်မာပြည်သားအဖွဲ့မှ လက်ဝှေ့သမားတို့သည် ရွှေခါးပတ်ချန်ပီယံဖြစ်လာနိုင်ကြပေသည်။

**ကူညီပံ့ပိုး**

ထပ်မံသိရှိရသော သတင်းအရ KLN ရိုးရာလက်ဝှေ့အဖွဲ့မှ လက်ဝှေ့ကျော် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ ကျော်ဆန်းလည်း ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။ ထိုသို့ ရိုးရာလက်ဝှေ့ကျော်များ စုံစုံလင်လင် ယှဉ်ပြိုင်မည့်ပြိုင်ပွဲကြီးကို Main Sponsor အဖြစ် Myanmar Towards Co.,Ltd. က ပံ့ပိုးကူညီ ဆောင်ရွက်ပြီး Co-Sponsor များအဖြစ် Summit Plastic လုပ်ငန်းနှင့် ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်းတို့က ကူညီပံ့ပိုး ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ကြေးမုံ)



**ရွှေခါးပတ်ချန်ပီယံ တံခွန်စိုက်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် မြန်မာပြည်သား ရိုးရာလက်ဝှေ့အဖွဲ့သားများအားတွေ့ရစဉ်။**

## သီတဂူရေအလှူတော် တရားပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**

သီတဂူဆရာတော်အရှင်ဉာဏိဿရ (D.Litt) (Ph.D) (အဂ္ဂမဟာဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ ရေအလှူတော် အထူးတရားပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီလမ်း၊ အလုံမြို့နယ်ခန်းမ၌ ဧပြီ ၂၄ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

**မိဘများအားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဒေါ်အုန်းကြည်၊ သားသမီး မြေးမြစ်တစ်စုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်ခြောက်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## မင်္ဂလာဈေးဓမ္မာရုံ အလုပ်ပေးတရား

**ရန်ကုန် ဧပြီ ၂၃**

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်း၊ ဗဟန်းမြို့နယ်ရှိ မင်္ဂလာဈေး ဓမ္မာရုံတော်ကြီးတွင် မေတ္တာရှင် အရှင်ဇဝန(ရွှေပြည်သာ)က ဧပြီ ၂၃ ရက်မှစတင်၍ မေ ၃ ရက်အထိ ၁၁ ရက်တိုင်တိုင် ည ၇ နာရီမှစတင်၍ အလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

**ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဘိုးဘွားများ အသုံးပြုရန် ဘီးတပ်ကုလားထိုင် ၁၀ စီး လှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ကိုယ်စား အတွင်းရေးမှူး ဦးမောင်မောင် နှင်းဆီကုန်း ဘိုး ဘွား ရိပ် သာ အုပ်ချုပ်ရေး အဖွဲ့ ကိုယ်စား အ တွင်းရေး မှူး ဗိုလ် မှူး အောင်သန်း (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၆)ဖြန့်ချိ

**ရန်ကုန် ဧပြီ ၂၃**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၆)တွင် ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ပုဂ္ဂလိကလေလံလမ်းတံတား အသုံးပြုခ ကောက်ခံရေးစခန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်၊ အသည်းအစားထိုးကုသလိုသော မြန်မာဝေဒနာရှင်များ စင်ကာပူ NUH ဆေးရုံကြီးတွင် ကုသနိုင်ပြီ၊ Kangaroo တံဆိပ် ဖိနပ်စက်ရုံ ဇွန်လတွင် စတင်လည်မည် ပြည်တွင်းဈေးကွက် ဦးစားပေး ထုတ်လုပ်ရန် ရည်ရွယ်၊ JMSSOဥက္ကဋ္ဌ Mr. Fuju Keuchiroနှင့် တွေ့ဆုံခြင်းစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဂျပန်အမျိုးသားများ အလှဖန်တီးရေး၌ ငွေကြေးမတွန့်တိုတော့ပြီ၊ အီရန်နိုင်ငံအားစစ်ပြုရေး အမေရိကန်က ၂၀၀၃ ခုနှစ်ကတည်းက စီစဉ်နေ၊ ကလေးပျောက်သလား လက်ကိုင်ဖုန်းကွန်ရက်က ရှာပေးမည်ဟုဆို စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media Houseက ဖြန့်ချိလိုက်သည်။

(က–ပ)

## ထူးထူးခြားခြား အင်တာနက်သတင်း

# ကမ္ဘာပေါ်ရှိ ဖားမျိုးစိတ်သစ်များကို လာအိုနိုင်ငံတွင် ရှာဖွေတွေ့ရှိဟုဆို



**နယူးယောက် ဧပြီ ၂၂**

ကမ္ဘာပေါ်ရှိ ဖားမျိုးစိတ်သစ်များကို အရှေ့တောင်အာရှမှ လာအိုနိုင်ငံတွင် ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဧပြီ ၂၂ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် နှစ်နှစ်တာကာလ အတွင်း သစ်တော ထိန်းသိမ်းမှု ကောင်းမွန်ပြီး ဇီဝမျိုးစုံလင်သည့် လာအိုနိုင်ငံတွင် ဖားမျိုးစိတ်သစ် ခြောက်မျိုးကို ရှာဖွေတွေ့ရှိရကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

**သဘာဝသစ်တောများ တည်ရှိသည့် လာအိုနိုင်ငံတွင် ရှာဖွေတွေ့ရှိရသော ဖားမျိုးစိတ်သစ်ကိုတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

လာအိုနိုင်ငံတွင် ဖားမျိုးစိတ်သစ်များကို ရှာဖွေတွေ့ရှိခြင်းသည် ပျောက်ဆုံးနေသော ကမ္ဘာတစ်ခုကို ရှာဖွေတွေ့ရှိရသကဲ့အလားဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်း စောင့်ရှောက်ရေး အစီအစဉ်တစ်ရပ်ကို လာအိုနိုင်ငံတွင် အကောင်အထည်ဖော်ခဲ့သော သိပ္ပံပညာရှင်များက ပြောကြားသည်။

**မလေးရှားနိုင်ငံ တောင်ပိုင်း တန်ကက်မြို့ရှိ နေအိမ်တစ်အိမ်၏ ရေစည်အတွင်း ထူးထူးဆန်းဆန်း တွေ့ရှိရသည့် ဖားပြုတ်တစ်မျိုးမှာ ၁၅ ဒသမ ၇၅ လက်မ ရှည်သည့် အမြီးပါရှိသည်။** *(ဓာတ်ပုံ-အင်တာနက်)*

### ပေါ်များ

အာရှတိုက်တွင် လူဦးရေ သိပ်သည်းမှု အနည်းဆုံးနိုင်ငံဖြစ်သော လာအိုနိုင်ငံသည် တောရိုင်းတိရစ္ဆာန်များ ပေါ်များသည့် သဘာဝရတနာသိုက် အဖြစ် ရပ်တည်လျက်ရှိသည်။

### ရှာဖွေတွေ့ရှိ

လာအိုနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းကလည်း Rock rat ဟုခေါ်တွင်သော ကျောက်ဆောင်များတည်ရှိရာ နေရာ၌ ကျက်စားသည့် ကြွက်သတ္တဝါတစ်မျိုး၊ Annamite Striped Rabbit ခေါ် ယုန်တစ်မျိုးနှင့် Saola ခေါ် သစ်တောအတွင်း ကျက်စားသည့် သမင်ဒရယ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းအပြင် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ၂၀၀၂ ခုနှစ် နောက်ပိုင်း ကာလအတွင်း ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါ ကိုးမျိုးကိုလည်း လာအိုနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သည်။

***အင်တာနက်။***

## ပြည်ပ အားကစား သတင်း

# အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ

## လီဗာပူးအသင်းက ချယ်လ်ဆီးကို နိုင်ပြီး ဗိုလ်လုပွဲတက်

**လန်ဒန် ဧပြီ ၂၃**

အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို စနေနေ့က ကျင်းပရာ လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ လီဗာပူးအသင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီး ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင်ရော၊ အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင်ပါ ဆုဖလားများကို နှစ်ထပ်ကွမ်း ရယူလိုသော ချယ်လ်ဆီးအသင်း၏ ကြိုးပမ်းမှုများကို ဟန့်တားလိုက်နိုင်သည်။

အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ရှိ အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသော အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ၌ အနိုင်ရရှိသော လီဗာပူးအသင်းသည် ဗိုလ်လုပွဲတွင် မစ်ဒယ်ဘရော့ သို့မဟုတ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဧပြီ ၂၂ရက်က အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ရှိ အိုးလ်ထရက်ဖို့ဒ်ကွင်း၌ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းမှ ခရက်စပိုနှင့် လီဗာပူးအသင်းမှ ဆာမိဟစ်ဗီယာတို့ ဘောလုံးရရှိရေးယှဉ်လုကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ဂျွန်အန်းရိုက်စ်နှင့် လူးဝစ်ဂါစီယာတို့၏ ဂိုးများနှင့်အတူ လီဗာပူးအသင်းက အောင်ပွဲခံခြင်းဖြစ်သည်။ နော်ဝေလူမျိုး ဂျွန်အန်းရိုက်စ်က ပွဲချိန် ၂၁ မိနစ်တွင် ဖရီးကစ် ကန်သွင်းခြင်းမှ ဂိုးရရှိခဲ့ပြီး ချယ်လ်ဆီးအသင်း၏ ဂိုးသမား ကာလိုကူဒင်ဆင်နီ ကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။

ဒုတိယပိုင်း ရှစ်မိနစ်အကြာတွင် စပိန်လူမျိုး တိုက်စစ်မှူး ဂါစီယာက ချယ်လ်ဆီးအသင်း၏ ဂိုးတိုင်ဝဲဘက်ထောင့်စွန်းသို့ လှလှပပသွင်းယူခဲ့သည်။

နောက်ထပ် ၁၃မိနစ်အကြာတွင် ချယ်လ်ဆီးအသင်းက ချေပဂိုးတစ်ဂိုးကို ရရှိသည်။ အိုင်ဗရီကို့စ်လူမျိုး တိုက်စစ်မှူး ဒရော့ဘာက ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းက ထိုးဖောက်ကစားမှုများကို လီဗာပူးအသင်းတားဆီးဖျက်ထုတ်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းမှ ဂျိုးကိုးလ်သည် အနီးကပ်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဘောလုံးမှာ ဂိုးတိုင်ကိုသာ ထိမှန်ခဲ့သည်။

လီဗာပူးအသင်းသည် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲများတွင် ဗိုလ်လုပွဲအဆင့်အထိ ရောက်ရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၁၃)ကြိမ်ရှိခဲ့ပြီဖြစ်သည်။

အဆိုပါအသင်းသည် အက်ဖ်အေဖလား ဆုဖလားကို ခြောက်ကြိမ်တိုင်တိုင်ရရှိခဲ့ပြီး နောက်ဆုံးဆုဖလားရရှိသောနှစ်မှာ ၂၀၀၁ ခုနှစ်ဖြစ်သည်။ ၂၀၀၁ ခုနှစ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းက အာဆင်နယ်အသင်းကို အနိုင်ရကာ ဆုဖလားရရှိခြင်းဖြစ်သည်။

***အင်တာနက်။***

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၄-၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အောင်မြေရွှေဘိုမြို့ အပိုင်း(၁) |
| ၇း၂၀ | ဟန်ဆောင်ကာမူပို |
| ၇း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၄၀ | ဂီတသံစဉ်အလှဆင် |
| ၈း၀၀ | မျှော်သူမမောစေချင်(စိုးသီဟ၊ ဆုပန်ထွာ၊နန်းကလျာလှိုင်)(ဒါရိုက်တာ-စောစန္ဒာလှိုင်) |
| ၈း၁၀ | မြန်မာ့သိုင်းပညာသမိုင်းစဉ် |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ(ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ) |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၂၀ | စတိုင်လ်ချစ်သူများအတွက် စတိုင်လ်ပြိုင်ပွဲ |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ | လူငယ်အာဟာရ(မောင်မောင်ဇော်လတ်)(The Ants)နှင့် တွေ့ဆုံခြင်း |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ဗိုလ်မြတ်ထွန်းတံတား |
| ၁၀း၃၅ | တောမျိုးစုံလင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ | Business Talk (ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း၊ ဦးဘုန်းခိုင်ဝင်း) |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League**

**ဘောလုံးပွဲစဉ်**

**ညပိုင်း အစီအစဉ်**

| | |
|---|---|
| ၁း၂၅ | Fulham-Wigan |
| **လိုင်း** | 5-Sports(Live) |

# ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ဆက်လက်ပြသ

**ရန်ကုန် ဧပြီ ၂၃**

ယနေ့ ဧပြီ၂၄ရက် (တနင်္လာနေ့)တွင် ပြသဆဲ မြန်မာဇာတ်ကားများဖြစ်သည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကားနှင့် **ရတနာ**ဇာတ်ကားများ ဆက်လက်ပြသနေသည်။

**ရတနာဇာတ်ကားမှ မေသန်းနုနှင့် ဖိုးသောကြာ။**

ကျော်ရုပ်ရှင် ထုတ်လုပ်ဖြန့်ချိရေးမှ အကယ်ဒမီငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာဒေါ်နန္ဒာနှင့် တွဲဖက်ဒါရိုက်တာအဖြစ် မောင်သီလ၊ ဖိုးကျော်(သန်လျင်)တို့ ရိုက်ကူးသည့် ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာဇာတ်ကားမှာ ချစ်ခြင်းမေတ္တာနှင့် ဂုဏ်သိက္ခာတို့၏ နက်နဲသည့် အနက်အဓိပ္ပာယ်ကို ရုပ်ရှင်အနုပညာဖြင့် ထင်ဟပ်ပြသထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

၎င်းဇာတ်ကားတွင် ဂုဏ်သိက္ခာကို တန်ဖိုးထားသည့် လူငယ်တစ်ဦးအဖြစ် အကယ်ဒမီရန်အောင်၊ သူဌေးသမီးဘဝတစ်ဖြစ်လဲ ချို့ငဲ့သော မုဆိုးမဘဝတွင် ချစ်ဦးသူနှင့် အမှတ်မထင် ပြန်လည်ဆုံစည်းရန် အကြောင်းဖန်လာသော်လည်း သိက္ခာမဲ့စရာ မေတ္တာဇာတ်ကြောင်းကို ပြန်ပေါင်းမထုပ်လိုသူ မိန်းမသားတစ်ဦးအဖြစ် ထွန်းအိန္ဒြာဗိုတို့က ပီပြင်စွာ သရုပ်ဆောင်ထားကြသည်။

**ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ မြန်မာရုပ်ရှင်ကားသစ်မှ အကယ်ဒမီရန်အောင်၊ အကယ်ဒမီထွန်းအိန္ဒြာဗိုနှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်။**

### ပီပြင်

ထို့ပြင် စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ကလည်း မိမိတို့ကျရာဇာတ်ရုပ်မှ ပီပြင်စွာ သရုပ်ဆောင်နိုင်ကြသည့်အတွက် ဤဇာတ်ကားမှာပိုမိုအသက်ဝင်လာရခြင်းလည်း ဖြစ်သည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်း ဆက်လက်ပြသနေသည်။

### နိုင်ငံခြားရုပ်ရှင်

ပြသဆဲ နိုင်ငံခြားဇာတ်ကားဖြစ်သည့် The Myth ဇာတ်ကားမှာ နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဆက်လက်ပြသနေသည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီး သရုပ်ဆောင် ဂျက်ကီချန်းပါဝင်ပြီး သမိုင်းနောက်ခံပြု ဇာတ်ကားတစ်ကားဖြစ်သည်။ (ကြေးမုံ)

## ထူးခြားသည့် နေ့အပူချိန်များ

**(၂၃-၄-၂၀၀၆)**

**ချောက်၊ မကွေးနှင့် အောင်လံ**

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

**မင်းဘူး**

၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ဒီဂရီဖာရင်ဟိုက်)

# မဟာတေဇမုနိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားနှင့် နဂါးရုံမုစလိန္ဒာရုပ်ပွားဆင်းတုတော် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ် ရေလုပ်ငန်း စက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိ စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ မြသပိတ်၊ ရွှေကြာသက်န်းကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် နဂါးရုံမုစလိန္ဒာရုပ်ပွားဆင်းတုတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ အထက်ဌာပနာတော် သွင်းပေးပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးသည်။

### တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ရွှေထီးတော်အလှူရှင် ဦးကျော်ညွန့်နှင့် အလှူရှင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

### စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မဟာတေဇမုနိ စေတီတော်တွင် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

### ယနေ့မိုးလေဝသ

(၂၄-၄-၂၀၀၆)

**နေပြည်တော်မြို့တော်**

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်ချမင်္ဂလာနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမ ဒီဂရီကောလိပ်လမ်းထောင့်ရှိ သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီးဆောက်လုပ်မည့် ဝင်းအတွင်း၌ ကျင်းပသည့် သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်ချမင်္ဂလာ အခမ်းအနားနှင့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နဝရတ်ကိုးပါး စီခြယ်ထားသော ရတနာ ရွှေကြုတ်တော်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးပြီး အလှူငွေများကို လက်ခံသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

ကြေးမုံ The Mirror အင်တာနက်သတင်း

# တိဘက်နွားအသုံးပြုသည့် ဂူလီရိုက်ကစားနည်း အာရှအလယ်ပိုင်းရှိ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပသွားမည်

အူလန်ဘာတော ဧပြီ ၂၃

အာရှအလယ်ပိုင်းဒေသရှိ ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သော မွန်ဂိုလီးယားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်စေရေးအတွက် တိဘက်နွားများကို အသုံးပြုသည့် ဂူလီရိုက်ကစားပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ဧပြီ ၂၃ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မွန်ဂိုအင်ပါယာထူထောင်မှု နှစ် ၈၀၀ ပြည့် နှစ်ပတ်လည် အခါသမယတွင် တိဘက်နွားများဖြင့် ဂူလီရိုက်ကစားသည့်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ●

မွန်ဂိုလီးယားနိုင်ငံမြို့တော် အူလန်ဘာတောတွင် တိဘက်နွားများကို အသုံးပြုသည့် ဂူလီရိုက်ကစားနည်း သရုပ်ပြ ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)